ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ သောကြာနေ့ (30-12-2011) (ဗြ ၈၉)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# မီဒီယာဥပဒေများကို ပြန်လည်ရေးဆွဲနေပြီဖြစ်၍ စာပေလွတ်လပ်ခွင့်များ ဥပဒေနှင့်အညီ ပေါ်ပေါက်လာမည်

## စာပေလောကသားများအနေဖြင့် လွတ်လပ်မှုနှင့်အတူ တာဝန်သိတတ်မှု၊ တာဝန်ယူမှုတို့ဖြင့် အကျိုးပြုရေးသား

## စာပေသမား၊ မီဒီယာသမားအားလုံးက စတုတ္ထမဏ္ဍိုင်ကြီး မယိမ်းမယိုင်ခိုင်မာစေရေး ဘက်လိုက်မှုကင်းရှင်းစွာဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးဘက်က ရပ်တည်ဆောင်ရွက်ပေး

နေပြည်တော်   ဒီဇင်ဘာ   ၂၉

**၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိကြသည့် စာပေပညာရှင်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း "ကျောပိုးအိတ်လေးကို ချီကာလွယ်" စာအုပ်ဖြင့် အမျိုးသားစာပေ စာပဒေသာဆုရ ဆရာတင့်ဆွေ (ဖျာပုံ)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆိုပါ ဆုနှင်းသဘင်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့သမိုင်းအဖွဲ့ဝင်များ၊ အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ရည်ညွှန်းကျမ်းအဖွဲ့ဝင်များ၊ ပုဂ္ဂလိကစာနယ်ဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ၊ စာပေဆုရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှဝန်ထမ်းများ တက်ရောက်ကြသည်။

ဆုနှင်းသဘင်အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်ခင်စန္ဒာမြင့်နှင့် ဒေါ်ဆွေဇင်ထားတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် စာပေပညာရှင်ကြီးများအား ဂုဏ်ပြုသောအားဖြင့် စာပေဆုနှင်းသဘင်ကို စာဆိုတော်နေ့တစ်ပိုက်ဖြစ်သည့် ဤလတွင် ကျင်းပနေကျဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ပထမဦးဆုံးအကြိမ်ကျင်းပသည့် စာပေဆုနှင်းသဘင်ကြီးဟုလည်း ခေါ်ဆိုနိုင်ပါကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

**☆ နိုင်ငံ့သမိုင်းတွင် အမျိုးသားရေးအရ တကယ်တမ်းမှတ်တမ်းတင်ခံထိုက်သည့်စာပေဆိုသည်မှာ အမျိုးသားရေးအကျိုးပြုစာပေများပင်ဖြစ်၏။**

**☆ တိုင်းချစ်ပြည်ချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ကိန်းဝပ်ရှင်သန်ခိုင်မာစေမည့်စာအုပ်စာပေများ ပေါ်ထွက်လာရန်လိုအပ်။**

ယနေ့သတင်းအညွှန်း

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်**
" အကျဉ်းသားများ၏ နေ့စဉ်နေထိုင်စားသောက်မှု အခြေအနေကို မျက်မြင်ကိုယ်တွေ့ သိရှိလေ့လာခွင့်ရရှိခဲ့ "
ပြည်တွင်းသတင်း စာမျက်နှာ - ၂

**မျိုးကောင်းမျိုးသန့်ပုလဲသွယ်စပ်မျိုးစပါးများ စိုက်ပျိုးခြင်းဖြင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်မှုမှ တစ်နိုင်ငံလုံးဖွံ့ဖြိုးရန်ကြိုးပမ်း**
ပြည်တွင်းသတင်း စာမျက်နှာ - ၄

**ဆိုင်ကလုန်းမုန်တိုင်း "သိမ်း" အိန္ဒိယနိုင်ငံ တမီလ်နာဒူးကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်နိုင်**
" ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိ "
မိုးလေဝသသတင်း စာမျက်နှာ - ၅

**ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား ၁၇ ဦးသေဆုံး၊ ၈၃ ဦး ဒဏ်ရာရရှိ**
" ပရဆေးအိတ်များကို မီးလောင်ကျွမ်းပြီး ဓာတ်ပြုပေါက်ကွဲမှုဖြစ်ပွား "
မီးလောင်မှုသတင်း စာမျက်နှာ - ၁၀

(30-12)01.pmd 1 12/30/2011, 2:41 AM

ကြေးမုံစာတည်းရှုထောင့် ၃၀-၁၂-၂၀၁၁[သောကြာနေ့]။

# မီးလျှံကြားမှ ဂုဏ်ပြုအပ်သူများ

ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်လျက်ရှိသည့် အဖွဲ့အစည်းများတွင် မီးသတ်တပ်ဖွဲ့လည်းပါဝင်သည်။ မီးသတ်တပ်ဖွဲ့သည် နိုင်ငံတော်ပိုင် စက်ရုံ၊ အလုပ်ရုံအဆောက်အအုံများ၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက်ခဲ့သည်။ ယင်းသို့ကာကွယ်စောင့်ရှောက်ကြရာတွင် မီးသတ်တပ်ဖွဲ့ဝင်များသည် အသက်ကိုပဓာနမထားဘဲ အန္တရာယ်ကို ရင်ဆိုင်စွန့်စားခဲ့ကြသည်။

ယမန်နေ့ကဖြစ်ပွားခဲ့သော ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မေတ္တာမွန်ဂိုဒေါင်ဝင်းအတွင်း မီးလောင်ကျွမ်းမှုတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်မှုများမှာ ဝမ်းနည်းဂုဏ်ပြုချီးကျူးဖွယ်ပင် ဖြစ်သည်။ အဆိုပါဖြစ်စဉ်တွင် မီးလောင်ကျွမ်းမှုစတင်ဖြစ်ပွားပြီးနောက် မိနစ်ပိုင်းအတွင်း မီးသတ်ယာဉ် ၅၇ စီး၊ အထောက်အကူပြုယာဉ် ခုနစ်စီး၊ အုပ်ချုပ်မှုယာဉ် ကိုးစီး၊ သန္နေတပ်ဖွဲ့ဝင် ၅၄၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၈၂ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၃၀ တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။ ထိုသို့ငြိမ်းသတ်ခဲ့ရာတွင် မီးသတ်တပ်ဖွဲ့ဝင်ငါးဦးနှင့် အရပ်သားများ သေဆုံးဒဏ်ရာရရှိခဲ့ကြသည်။

မီးလောင်လျှင်လောင်ချင်း မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နေစဉ် ပရဆေးသိုလှောင်ရာဂိုဒေါင်မှ ပရဆေးပစ္စည်းများကို မီးစွဲလောင်ရာ ခတ်ပြုပေါက်ကွဲမှုကြီး ဖြစ်ပေါ်ခဲ့သည်။ ထိုပေါက်ကွဲမှုပြင်းအားမှာ မြေငလျင်ပြင်းအား ၃ ဒသမ ၁ နှင့် ညီမျှသော ရန်ကုန်မြို့တစ်မြို့လုံးနီးပါး တုန်ခါမှုဖြစ်ပေါ်ခဲ့ရပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ပေ ၅၀ ခန့်အထိ လွင့်စဉ်ကာ ပြင်းထန်သောဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့ရသည်။ သေဆုံးသူများအတွက် ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရသကဲ့သို့ ပြည်သူ့အတွက် တာဝန်ထမ်းဆောင်ရင်း စွန့်လွှတ်စွန့်စား အသက်ပေးလှူသွားသော မီးသတ်တပ်ဖွဲ့ဝင်များအားလည်း ဝမ်းနည်းကျေကွဲမိသလို ဂုဏ်ယူမိပါသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည် ယခင်ကလည်း ပြည်သူ့အတွက် အသက်နှင့်ခန္ဓာကိုယ် အကြိမ်ကြိမ်စွန့်လွှတ်ခဲ့ဖူးသည်။ ယခုလည်း ထပ်မံစွန့်လွှတ်လှူဒါန်းခဲ့သည်။ နိုင်ငံနှင့်ပြည်သူအတွက် မွန်မြတ်ပါသည်။ စွန့်လွှတ်စွန့်စားခဲ့သော တပ်ဖွဲ့ဝင်များကြောင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ဂုဏ်သတင်းမှာ ထုံသင်းမွှေးပျံ့ခဲ့ရသည်။ ယခင်က မီးသတ်တပ်ဖွဲ့အပေါ် အမြင်မကြည်လင်သူအချို့၏ မဆင်မခြင်ပြောဆိုခဲ့မှုများမှာလည်း ကွယ်ပျောက်ခဲ့ရသည်။

ယခုဖြစ်စဉ်သည် မီးလောင်မှုထက် ပေါက်ကွဲမှုအားပြင်းထန်မှုကြောင့် သေဆုံးပျက်စီးမှုများခဲ့ရသည်။ ယင်းသို့မဖြစ်အောင် ကြိုတင်စဉ်းစားကာကွယ်ထားသင့်သည်။ နောင်မဖြစ်အောင်လည်း ကြိုတင်စီမံဆောင်ရွက်ကြရမည်။ အန္တရာယ်ရှိသောပစ္စည်းများကို လူသူဝေးရာတွင်သာ သိုလှောင်ထားသင့်သည်။ လူနေရပ်ကွက်အနီးရှိ သိုလှောင်ရုံတွင်ထားမိ၍ ဤသို့မဖြစ်သင့်ဘဲဖြစ်ရသည်။

လူကိုဘေးဖြစ်စေတတ်သော ပစ္စည်းများတွင် အန္တရာယ်ရှိ အမှတ်သင်္ကေတများကို ထင်ထင်ရှားရှား ကပ်ထားရမည်ဖြစ်သည်။ လူကိုအန္တရာယ်ရှိစေသော ပစ္စည်းများကို လူသူဝေးရာတွင်သာမက အန္တရာယ်ရှိ အမှတ်တံဆိပ်ဆိုင်းဘုတ်များကို သိုလှောင်ရုံအနီးတွင် ထင်ရှားစွာစိုက်ထူထားသင့်သည်။ သို့မှသာ ပြည်သူကလည်း ဘေးအန္တရာယ်ကို ကြိုတင်ရှောင်ရှားနိုင်သလို ကြိုတင်အသိပေးနိုင်ပါသည်။ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မည်သည့်ပစ္စည်းအား မည်သို့ငြိမ်းသတ်ရမည်ကို သိထားပြီးဖြစ်သည်။ အန္တရာယ်ရှိပစ္စည်းမှန်းမသိ၍သာ အချိန်မီကြိုတင်မကာကွယ်နိုင်ဘဲ အသေအပျောက် ဆုံးရှုံးမှုများခဲ့ခြင်းဖြစ်သည်။

သို့ပါ၍ မီးလောင်ပေါက်ကွဲစေတတ်သော အန္တရာယ်ရှိပစ္စည်းများအား လူနေအိမ်နှင့်ဝေးရာ မထားရှိခြင်း၊ အန္တရာယ်ရှိကြောင်း ကြိုတင်အသိပေးထားခြင်းမရှိခဲ့ခြင်းတို့ကြောင့် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးရသကဲ့သို့ မီးလျှံကြားမှ မီးသတ်တပ်ဖွဲ့ဝင်များ၏ တန်ဖိုးရှိသော အသက်များ နိုင်ငံအတွက်ပေးလှူခဲ့ရခြင်းဖြစ်ရာ အသိတရားနှင့် စည်းကမ်းများကို လက်ကိုင်ထားပြီး ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်တားဆီးကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

# အကျဉ်းသားများ၏ နေ့စဉ်နေထိုင်စားသောက်မှုနှင့် ပြစ်ဒဏ်အသီးသီးကျခံနေသည့် အကျဉ်းသားများ၏ အခြေအနေကို မျက်မြင်ကိုယ်တွေ့ သိရှိလေ့လာခွင့်ရရှိခဲ့

နေပြည်တော် ဒီဇင်ဘာ ၃၀

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ခေါင်းဆောင်သောအဖွဲ့သည် အင်းစိန်အကျဉ်းထောင်နှင့် လှေလှော်အင်းရဲဘက်စခန်းတို့သို့ သွားရောက်ခဲ့ပြီး သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။**

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

## အင်းစိန်အကျဉ်းထောင်နှင့် လှေလှော်အင်းရဲဘက်စခန်းတို့သို့ သွားရောက်ခဲ့ခြင်းနှင့်စပ်လျဉ်းသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ခေါင်းဆောင်ပြီး စုစုပေါင်း (၈) ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်သို့ လည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် လှည်းကူးမြို့နယ်ရှိ လှေလှော်အင်းရဲဘက်စခန်းသို့လည်းကောင်း သွားရောက်ခဲ့သည်။ အစောပိုင်းကလည်း အဖွဲ့ဝင်(၄)ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် မြစ်ကြီးနားအကျဉ်းထောင်သို့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် သွားရောက်ခဲ့သည်။ ယင်းကဲ့သို့ သွားရောက်ခြင်းဖြင့် အကျဉ်းသားများ၏ နေ့စဉ်နေထိုင်စားသောက်မှုနှင့် ပြစ်ဒဏ်အသီးသီးကျခံနေသည့် အကျဉ်းသားများ၏ အခြေအနေကို မျက်မြင်ကိုယ်တွေ့ သိရှိလေ့လာခွင့်ရရှိခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပေးသော အကျဉ်းထောင်မှတာဝန်ရှိပုဂ္ဂိုလ်များကို ကော်မရှင်အနေဖြင့် ကျေးဇူးတင်ရှိပါသည်။

၂။ အင်းစိန်အကျဉ်းထောင်နှင့် လှေလှော်အင်းရဲဘက်စခန်းတို့သို့ သွားရောက်စဉ် အကျဉ်းထောင်အရာထမ်းများက အကျဉ်းထောင်စီမံခန့်ခွဲမှုသည် မြန်မာနိုင်ငံ အကျဉ်းထောင်လက်စွဲနှင့် အကျဉ်းသားများအား ပြုစုစောင့်ရှောက်မှုဆိုင်ရာ ကုလသမဂ္ဂ၏ အနိမ့်ဆုံးစံနှုန်းများကို အခြေခံထားခြင်းဖြစ်ကြောင်း ကိုယ်စားလှယ်အဖွဲ့ကို ရှင်းပြခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် အကျဉ်းထောင်တွင် အကျဉ်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ အနားယူမှု၊ နေ့စဉ် အစားအစာကျွေးမွေးမှု၊ ဘာသာစကားနှင့် ကွန်ပျူတာသင်တန်း၊ ကျောင်းပညာရေးသင်ကြားပေးမှုနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များ စသည်တို့ ဆောင်ရွက်ပေးလျက်ရှိကြောင်းကို လေ့လာတွေ့ရှိခဲ့ရသည်။

၃။ အကျဉ်းထောင်တွင်း၌ မကြာသေးမီက အစာငတ်ခံဆန္ဒပြခဲ့ကြသော အကျဉ်းသားများကို "ခွေးတိုက်"၌ ထားကြောင်း၊ နှိပ်စက်မှုပြုကြောင်း၊ သောက်ရေကိုပင် မပေးကြောင်းဖြင့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ စွပ်စွဲချက်များကို ကော်မရှင်တွင် လက်ခံရရှိခဲ့သည်။

၄။ သို့ဖြစ်ရာ အကျဉ်းထောင်သို့ သွားရောက်စဉ်တွင် မကြာသေးမီက အစာငတ်ခံဆန္ဒပြခဲ့သော အကျဉ်းသားများအနက် (၃)ဦးကို ကိုယ်စားလှယ်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။

၅။ တွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားအားလုံးက ၎င်းတို့အား သောက်ရေမပေးဟုဆိုခြင်းမှာ မဟုတ်မှန်ကြောင်းနှင့် ဆန္ဒပြနေစဉ်နှင့် ဆန္ဒပြပြီးကာလနှစ်ရပ်စလုံးတွင် ဆေးဝါးပြုစုစောင့်ရှောက်မှုကို စီစဉ်ပေးကြောင်း ပြောကြားသည်။ ထို့အပြင် "ခွေးတိုက်" ၌ ထားသည်ဆိုခြင်းမှာလည်း မဟုတ်မှန်ကြောင်း တွေ့ရှိရသည်။ အစာငတ်ခံဆန္ဒပြသူတစ်ယောက်စီကို သန့်ရှင်း၍ လေဝင်လေထွက်ကောင်းသော ၁၀ ပေ × ၂၂ ပေကျယ်ဝန်းသည့် အကျဉ်းခန်းအသီးသီးတွင် ထားရှိပါသည်။

၆။ လှေလှော်အင်းရဲဘက်စခန်းသို့ သွားရောက်စဉ်တွင် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် စခန်း၌ ဆောင်ရွက်ပေးထားမှုများကို လေ့လာ၍ရဲဘက်အချို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။ အဆိုပါရဲဘက်များက ၎င်းတို့၏အမြင်နှင့် စိုးရိမ်ပူပန်မှုတို့ကို ပွင့်လင်းစွာ ပြောကြားကြသည်။ ရဲဘက်စခန်းမှ တာဝန်ရှိသူများကလည်း ရဲဘက်များ၏ တင်ပြချက်များကို ဆောင်ရွက်ပေးနိုင်ရန်အတွက် မှတ်သားခဲ့ကြပါသည်။

၇။ အကျဉ်းထောင်နှင့် ရဲဘက်စခန်းတို့သို့သွားရောက်လေ့လာမှုနှင့် တွေ့ဆုံမေးမြန်းမှုများကိုအခြေခံကာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည်-

- အင်းစိန်အကျဉ်းထောင်၌ ထားရှိသည့်အကျဉ်းသားအရေအတွက်သည် အများဆုံးထားရှိနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်လျက်ရှိပါသည်။ အကျဉ်းထောင်အတွင်း ကျပ်တည်းစွာနေထိုင်ရမှုသည် အကျဉ်းသားများ အဆင်မပြေမှုများ၏ အခြေခံအကြောင်းတရားဖြစ်သဖြင့် အဆိုပါအခြေအနေကို အချိန်မီအရေးယူဆောင်ရွက်သင့်ပါသည်။
- တရားစခန်းများဖွင့်လှစ်ပေးထားခြင်းသည် ရေရှည်တွင် အကျဉ်းသားများ၏ စိတ်အခြေအနေကို သိမ်မွေ့စေနိုင်သည်ဟု ကော်မရှင်အနေဖြင့် ရှုမြင်ပါသည်။ အဆိုပါအစီအစဉ်ကို ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း အလေးအနက် အကြံပြုအပ်ပါသည်။
- ပရိုတက်စတင့် ခရစ်ယာန်ဘာသာဝင်များအတွက် ကျမ်းစာလေ့လာမှု၊ ကက်သလစ်ဘာသာဝင်များအတွက် အာပတ်ဖြေမှုနှင့် ကိုယ်တော်မြတ်ပင့်ယူနိုင်ရေးတို့အတွက် လည်းကောင်း၊ မွတ်စလင်ဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များအတွက် ဘာသာရေးအစီအစဉ်များကိုလည်းကောင်း သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးသင့်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ အကျဉ်းထောင်ဝင်းအတွင်း၌ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ဗလီ၊ ဟိန္ဒူဘုရားကျောင်းနှင့် ဗုဒ္ဓဘာသာဓမ္မာရုံတို့ကို တွေ့ရှိရသဖြင့် ကော်မရှင်အနေဖြင့် ဝမ်းမြောက်မိပါသည်။

၈။ တွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများအနေဖြင့် နိုင်ငံတော်သမ္မတက ထပ်မံ၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိမ့်မည်ဟု စိတ်အားထက်သန်စွာ မျှော်လင့်နေကြကြောင်းဖြင့် ထုတ်ဖော်ပြောကြားကြသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကော်မရှင်သည် ကျန်ရှိနေသော အကျဉ်းသားများအနက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူ အေးချမ်းသာယာရေးကို ထိပါးခြင်းမရှိနိုင်သည့် အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပါရန် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့က နိုင်ငံတော်သမ္မတထံ တင်ပြမေတ္တာရပ်ခံခဲ့ပါသည်။ အဆိုပါမေတ္တာရပ်ခံချက်ကို ကော်မရှင်က လေးနက်စွာ ထပ်လောင်းတင်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်**
**ရန်ကုန်မြို့**



**ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက်ဝင်း သစ္စာမေတ္တာကျောင်းတွင် သိမ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် သိန်း ၂၀ ကို မြောက်ဥက္ကလာပမြို့နယ်နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း၊ သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်းနှင့် တူမ ဒေါ်အေးအေးမော် မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစုက လှူဒါန်းစဉ်။** (ကြေးမုံ)

## ပဲခူးမြို့၌ ပညာရေးမြှင့်တင်ရန် အလှူငွေ ပေးအပ်

**ပဲခူး ဒီဇင်ဘာ ၂၉**

ပဲခူးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းအတွက် ဒုတိယအကြိမ်အလှူငွေ ပေးအပ်ပွဲကို နိုဝင်ဘာ ၁၃ ရက်က ကျောင်းခန်းမဆောင်၌ ကျင်းပရာ အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျင်လှိုင်-ဒေါ်လဲ့လဲ့ခိုင်(ဆင်နှစ်ကောင်ရွှေဆိုင်) မိသားစုက လှူဒါန်းသော ငွေကျပ် ၁၄ သိန်းကို နာယက အငြိမ်းစားခရိုင်ပညာရေးမှူး ဆရာကြီး ဦးသောင်းမြင့်က လက်ခံရယူကြောင်း သိရှိရသည်။ (၄၀၃)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၃၀-၁၂-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၅ ၁။ နိုင်ငံတော်သီချင်း
၇:၁၀ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာ့ရှုခင်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ ဇာတ်လမ်းတို
၈:၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၂ ၁။ နိုင်ငံတော်သီချင်း
၄:၀၃ ၂။ အဖွင့်သီချင်း
၄:၀၅ ၃။ မျိုးချစ်တပ်မတော်
၄:၁၀ ၄။ မဟာဂီတချိုကြည်မြ
၄:၂၅ ၅။ ဇာတ်လမ်းတို
၄:၃၀ ၆။ လျှပ်တစ်ပြက်
၄:၃၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၀ ၈။ အိုင်စီတီသုတ
၅:၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၃။ 'ရွှာ'ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၂၉) -ထူးမရှားတဲ့ နယူးရီးယား (အိုင်းလောင်၊ ထက်နန္ဒီ၊ စုစုစိုးစံနှင့် သရုပ်ဆောင်များ)
၆:၄၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၄၁)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၂။ စိုက်ပျိုးသုတ
၂၃။ သံစဉ်များနှင့်ကမ္ဘာ
၂၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ ခွန်အား (အပိုင်း-၂၅) (ဇာတ်သိမ်းပိုင်း)**

❑ ကျောဖုံးမှ

သိပ္ပံနှင့် ဆေးဘက်ပညာရပ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို မျက်ခြည်မပြတ် လေ့လာဆည်းပူးနေကြရန်လည်းလိုအပ်ကြောင်း၊ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုအားလုံးတွင် ရှေးဦးသူနာပြုစုခြင်းမှာ အရေးကြီးဆုံးဖြစ်သကဲ့သို့ ရောဂါရှာဖွေမှု၊ ကုသပေးမှု၊ ပြုစုမှုနှင့် ပြန်လည်ထူထောင်ပေးမှုများ ဆက်လက်ဆောင်ရွက်ရာတွင်လည်း ဆေးဝါးများ၊ စက်ကိရိယာများထက် ပိုပြီးအစွမ်းထက်သော စိတ်ပိုင်းဆိုင်ရာဖေးမကုသမှုသည် ရဲဘော်တို့၏ ခံယူချက်နှင့် စိတ်နှလုံးသားအတွင်းရှိနေရန် လိုအပ်ကြောင်း။

ရဲဘော်တို့သည် အနောက်တိုင်းဆေးပညာအပြင် ဆေးဖက်ဝင် နွယ်မြက်သစ်ပင်များကိုအသုံးပြုကာ ကုသပေးနိုင်သော မြန်မာတိုင်းရင်းဆေးပညာကိုလည်း အလေးထားပြီးလေ့လာကြရန် ပြောကြားလိုကြောင်း၊ မြန်မာတိုင်းရင်းဆေးပညာသည် အစွမ်းထက်မြက်ခြင်းကြောင့် ကျန်းမာရေးဝန်ကြီးဌာနက တိုင်းရင်းဆေးပညာဦးစီးဌာနကို ဖွင့်လှစ်ပြီး တိုင်းရင်းဆေးပညာအဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေတိုင်းရင်းသားပြည်သူများသည် တိုင်းရင်းဆေးဝါးများကိုသာ အမြဲတစေအားထားသုံးစွဲကြပြီး ထိရောက်အသုံးဝင်ကြောင်းလည်း တွေ့ရကြောင်း၊ အစွမ်းထက်မြက်ရုံမက တောတောင်နေရာဒေသမရွေးရရှိနိုင်သော တိုင်းရင်းဆေးဝါးနှင့် ထိထိရောက်ရောက်ကုသပေးနိုင်အောင် တိုင်းရင်းဆေးပညာကိုလည်း နားလည်တတ်ကျွမ်းအောင် လေ့လာပြီးအသုံးချကြရန် လိုအပ်ကြောင်း။

ကျွမ်းကျင်မှုနှင့်ပတ်သက်လျှင်လည်း ရဲဘော်တို့ကို သင်ကြားလေ့ကျင့်ပေးလိုက်သည့် စာပေဆိုင်ရာ သီအိုရီများနှင့်အညီ စနစ်တကျလက်တွေ့ဆောင်ရွက်မှုများကို အသားကျဖြစ်နေစေပြီး လျင်မြန်စွာဆုံးဖြတ်ကာ ထိရောက်မှန်ကန်သော ဆေးအကာအကွယ်ပေးပြုစုကုသနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် သိပ္ပံနှင့်နည်းပညာများသည် အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းတိုးတက်နေကြောင်း၊ တပ်မတော်သား သူနာပြုနှင့် ဆေးဘက်ပညာရှင်များအနေဖြင့် ဖျက်အားပြင်း လက်နက်များဖြစ်ကြသော နျူကလီးယား၊ ဓာတု၊ ဇီဝလက်နက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုနှင့် ဒဏ်ရာရရှိမှုများကို ကြိုတင်သိရှိထားရန်လိုသည့်အပြင် ဇီဝနည်းပညာ၊ ဓာတ်ရောင်ခြည်နည်းပညာနှင့် နာနိုနည်းပညာအစရှိသော ဆေးဘက်ဆိုင်ရာနည်းပညာများကိုလည်း စစ်ပညာနှင့်ယှဉ်တွဲပြီး အမြဲမပြတ်လေ့လာနေကြရန် ပြောကြားလိုကြောင်း။

ရဲဘော်တို့သည် ဆေးဘက်ဆိုင်ရာအခန်းကဏ္ဍမှ တပ်မတော်သားများ၏ ကျန်းမာရေး၊ မိသားစုဝင်များ၏ ကျန်းမာရေးကို အပြည့်အဝစောင့်ရှောက်ကာ ဒို့တပ်မတော်သားများ၏ ကာကွယ်ရေးတာဝန်ကို ကျန်းမာသန်စွမ်းမှုအပြည့်ဖြင့် ထမ်းဆောင်နိုင်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် ရဲဘော်တို့သည် သူနာပြုပညာနှင့် ဆေးဘက်ပညာများကို ခေတ်သစ်စစ်ပွဲများ၏ သဘောသဘာဝများနှင့်အညီ အစဉ်တစိုက်ယှဉ်တွဲလေ့လာကာ မိမိတို့၏သူနာပြုစုမှု၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် ထူးချွန်ထက်မြက်မှုများရယူနိုင်စေရေး မပြတ်လေ့လာဆည်းပူးကာ လေ့ကျင့်နေကြရန် လိုအပ်ကြောင်း၊ သို့မှသာ လေ့ကျင့်မှု၊ ကျွမ်းကျင်မှု၊ ယုံကြည်မှုနှင့် ရဲရင့်မှုများမြင့်မားပြီး အောင်ပွဲများ ရယူနိုင်ကြမည်ဖြစ်ကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၇) ပုဒ်မ(၃၄၀)တွင် **တပ်မတော်ရဲ့ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကိုဖော်ဆောင်ရမည်**ဟု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ယင်းအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မိမိတို့တစ်တွေ တာဝန်ထမ်းဆောင်ရင်း ရောက်ရှိကြမည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဒေသများတွင် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် **ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများ**ကို မိမိတို့၏ ကာယအား၊ ဉာဏအားနှင့် ပံ့ပိုးကူညီနိုင်သည်များကို ပံ့ပိုးကူညီကာ ကျစ်လျစ်ခိုင်မာသော စည်းလုံးညီညွတ်မှုရအောင် တည်ဆောက်ကြရမည် ဖြစ်ကြောင်း။

မိမိတို့ တပ်မတော်သားများသည် ၂၀၀၈ ခုနှစ် မေလဆန်းပိုင်းက ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တောင်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း ထိရောက်စွာ ကူညီဆောင်ရွက်ခဲ့ကြသကဲ့သို့ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ကလည်း အထူးဆေးအဖွဲ့များကိုဖွဲ့စည်းပြီး မုန်တိုင်းဒဏ်သင့်ပြည်သူများထံ သွားရောက်ကာ ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အလားတူ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလအတွင်းက ရခိုင်ပြည်နယ်အတွင်း ဂီရိမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့မှု၊ ယခုနှစ်မတ်လအတွင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေဒေသ မြေလျှင်လှုပ်ခတ်ခဲ့မှုတို့တွင်လည်း ဆေးဝန်ထမ်းတပ်ဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ အောက်တိုဘာလအတွင်းက ပခုက္ကူခရိုင်အတွင်း ဖြစ်ပေါ်ခဲ့သော ရေကြီးနစ်မြုပ်မှုများတွင်လည်း မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ မကွေး၊ ပခုက္ကူ၊ ရေစကြို၊ မုံရွာ၊ အရာတော်နှင့်ရွှေဘိုတပ်နယ်များက အရာရှိ စစ်သည်များသည် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများနှင့်အတူ ပူးပေါင်း၍ ကူညီဆောင်ရွက်ခဲ့ကြကြောင်း။

ယခုကဲ့သို့ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို မျက်မှောက်ကာလမတိုင်မီ လွတ်လပ်ရေးရပြီးကာလမှသည် ခေတ်အဆက်ဆက်တပ်မတော်သည် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစသော လုပ်ငန်းရပ်များကို သမိုင်းပေးတာဝန်နှင့်အညီ ကျေပွန်စွာဆောင်ရွက်ခဲ့ကြကြောင်း၊ နိုင်ငံတော်အစိုးရက လက်ရှိဖော်ဆောင်ပေးနေသော ဒီမိုကရေစီရှင်သန်ရေးတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် မိမိတို့တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို အင်တိုက်အားတိုက် ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားရလျှင်-

- ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားပြီး တပ်မတော်၏ မှန်မြတ်သော အစဉ်အလာကိုစောင့်ထိန်းကာ ကျင့်ဝတ် ၆၀ ကို ခါးဝတ်ပုဆိုးသဖွယ် မြဲမြံအောင် ကျင့်ကြံတည်ဆောက်ကြပါ။
- ထက်မြက်သော သူနာပြုနှင့်ဆေးဘက်ပညာကျွမ်းကျင်သူများဖြစ်စေရေး အမြဲမပြတ်လေ့လာဆည်းပူးကာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ဆောင်ပုဒ်ဖြစ်သော **ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်** များဖြစ်အောင် ကြိုးပမ်းကြပါ။
- တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်နှင့် မြဲ(၃)မြဲကို လက်ကိုင်ပြုကာ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် မိမိတို့၏ စွမ်းဆောင်ရည် အပြည့်အဝဖြင့် ကြိုးပမ်းထမ်းဆောင်ကြပါ။
- ရောက်ရာဒေသများတွင် တိုင်းရင်းသားပြည်သူလူထုနှင့် တစ်သားတည်းဖြစ်စေမည့် ကျစ်လျစ်ခိုင်မာသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိစေရေး ကောင်းမွန်မြင့်မြတ်သည့် ကျင့်ဝတ်စံနှုန်းများနှင့်အညီ ကူညီပံ့ပိုးကာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာသော နိုင်ငံ့သားကောင်းစစ်သည်တော်များဖြစ်အောင် ကြိုးစားကြပါဟု မှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိဧည့်ခန်းမ၌ ထူးချွန်ဆုရ သင်တန်းသားသုံးဦးနှင့် ယင်းတို့၏မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်

## တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၉

**တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ဝင်းအတွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် တက်ရောက်ချီးမြှင့်သည်။**

အဆိုပါ သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မင်္ဂလာဒုံတပ်နယ်မှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ တပ်နယ်မှတပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ သင်တန်းဆင်းသူနာပြုများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းဆင်း သူနာပြုများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းသူနာပြုများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။ ညစာသုံးဆောင်အပြီးတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အမှတ်(၁)တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီအငြိမ့်ဖျော်ဖြေတင်ဆက်မှုအား ကျောင်းဆင်းသူနာပြုများ၊ မိဘဆွေမျိုးများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## တက်ရောက်ချီးမြှင့်

**ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ် (၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။** (သတင်းစဉ်)

# ပြည်သူ့ဆေးရုံနှင့် တိုင်းရင်းဆေးရုံ၊ ဆေးကုဌာနများ

## ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၉

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ ခုတင်(၂၅၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံသည်။**

ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် အသုံးပြုနိုင်ရန် အနောက်တိုင်းဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများကို အခြေခံကျန်းမာရေးဝန်ထမ်းများအား ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပုသိမ်မြို့ သူနာပြုနှင့် သားဖွား သင်တန်းကျောင်းသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ တာဝန်ခံနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် သင်တန်းကျောင်းမှ မွေးထုတ်လိုက်သည့် သူနာပြု/သားဖွားများသည် အရည်အသွေးပြည့်ဝမှသာ ပြည်သူလူထုကိုသူနာပြုစုမှု အရည်အသွေးပြည့်ဝစွာ စောင့်ရှောက်မှုပေးနိုင်မည်ဖြစ်သကဲ့သို့ သားဖွားဆရာမများအနေဖြင့် ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဘေးအန္တရာယ်ကင်းစွာ မီးဖွားစေခြင်း၊ မိခင်/ကလေး ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့တွင် အရည်အသွေးပြည့်ဝစွာ စောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထုနှင့် ဆက်ဆံသည့်အခါ တာဝန်အပြင် စေတနာဖြင့်ပါ ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် ပုသိမ်တိုင်းရင်းဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးတိုင်းရင်းဆေး ဦးစီးဌာနမှူး၊ ဆေးရုံအုပ်၊ တာဝန်ခံဆရာ၊ ဆရာမများ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံ၍ မြန်မာ့တိုင်းရင်းဆေးဖြင့် ကျေးလက်နေပြည်သူလူထုကို ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး စွမ်းစွမ်းတမံ ဆောင်ရွက်ကြရန်နှင့် မြန်မာ့တိုင်းရင်းဆေး အဆင့်အတန်းပိုမိုမြင့်မားရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။ ထို့မှတစ်ဆင့် ပုသိမ်မြို့ တိုင်းရင်းဆေးကုဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းပြည်သူ့ဆေးရုံ၊ ကျောင်းကုန်းတိုင်းရင်းဆေးကုဌာန၊ ပန်းတနော်ပြည်သူ့ဆေးရုံနှင့် တိုင်းရင်းဆေးကုဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ပုသိမ်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ တာဝန်ခံနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)

# မျိုးကောင်းမျိုးသန့် ပုလဲသွယ်စပ်မျိုးစပါးများ စိုက်ပျိုးခြင်းဖြင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်မှုမှ တစ်နိုင်ငံလုံးဖွံ့ဖြိုးရန် ကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၂၉

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့သည် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေး ၃၆၉ ဧက စိုက်ကွင်းသို့ရောက်ရှိကြရာ ဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေးအတွက် ကုန်ထုတ်လမ်း ငါးခု၊ အရှည်ပေ ၁၅၀၀၀ တည်ဆောက်ပြီးစီးမှုနှင့် ရေပေးမြောင်း ပေ ၁၅၀၀၀ တည်ဆောက်ပြီးစီးမှု၊ ငလိုက်ရေလှောင်တမံ၏ ရေသောက်စနစ် DY-4 မြောင်းလက်တံ အရှည်ပေ ၂၆၇၇၀ အား ရေလေလွင့်မှုမရှိစေရန် ကျောက်ကြီးလိုင်နင်စီခြင်း ၆၀ ရာခိုင်နှုန်း လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။**

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်ခြင်းသည် တစ်ဧက ခုနစ်ပြည် ရှစ်ပြည်သာ ကုန်ကျ၍ လက်တွေ့ တစ်ဧကလျှင် မျိုးစပါးနှစ်တင်းခွဲခန့် မျိုးစေ့သက်သာသဖြင့် တစ်နိုင်ငံလုံး မျိုးစပါးတင်းပေါင်း သန်း ၅၀ ခန့် သက်သာစေမည်ဖြစ်ပါကြောင်း၊ ယခု စိုက်ပျိုးမည့် ပုလဲသွယ်စပ်မျိုးမှာ သက်တမ်း ၁၀၅ ရက်သာရှိပြီး GAP စနစ်ဖြင့် စိုက်ပါက တစ်ဧကတင်း ၂၀၀ ထွက်ရှိနိုင်မည်ဖြစ်သည့်အတွက် လယ်သမားများအတွက် ဝင်ငွေနှစ်ဆ တိုးတက်စေနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့က ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များကို တောင်သူလယ်သမား တစ်ဦးချင်းထံ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေတို့က ကောက်စိုက်လုံမများအတွက် ဝတ်စုံများကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က စိုက်ကွင်းဝန်ထမ်းများအတွက် ဝတ်စုံများကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လယ်သမားများနှင့် လက်ချင်းယှက်၍ ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်နေကြောင်း၊ မျိုးကောင်း မျိုးသန့် ပုလဲသွယ်စပ်မျိုးစပါးများ စိုက်ပျိုးခြင်းဖြင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှုမှ တစ်နိုင်ငံလုံးပျံ့နှံ့ ဖွံ့ဖြိုးရန် ကြိုးပမ်းအကောင်အထည်ဖော်ကြရန်လိုကြောင်း၊ အလျင်လိုကျေးရွာကိုလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းစနစ်သစ် မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးထုတ်လုပ်တော့မည့် စံနမူနာပြ "ခေတ်သစ်ရွာ"ဟုပင် တင်စားရမည်ဖြစ်ကြောင်း၊ စားသုံးမှုအရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသော ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးပြီး အောင်မြင်အောင် တက်တက်ကြွကြွကြိုးစားကြရန် မှာကြားလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဆန်စပါးဈေးကွက် ဈေးကောင်းရပြီး နိုင်ငံခြားဆန် ဈေးကွက် ခိုင်မာစွာရရှိရန် ဆန်၏ အရည်အသွေး အဆင့်အတန်းမီ ကောင်းရန်လိုအပ်ပြီး ဆန်အရည်အသွေးကောင်းရန်မှာ စပါးမျိုးကောင်းရမည်ဖြစ်ကြောင်း၊ စပါးမျိုးကောင်းမှ ဈေးကောင်းရမည်ဖြစ်ပြီး မျိုးမှန်မှ အဖိုးတန်ဈေးနှုန်းရမည်ဖြစ်ကြောင်း၊ ထို့ပြင် သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြင့် ပြုစုပျိုးထောင်ရန်လည်း လိုအပ်ကြောင်း၊ တောင်သူလယ်သမားများအား မလွဲဧကန် ဝင်ငွေနှစ်ဆတိုးရန် တောင်သူလယ်သမားများ ကိုယ်တိုင် ပါဝင်အားထုတ်ကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ လယ်သမားဘဝ ရွှေသီးသောခေတ် ရောက်ရှိရန် လက်တစ်ကမ်းရောက်နေပြီဖြစ်၍ အမှန်တကယ် တိုးတက်ကြီးပွားလိုစိတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က တောင်သူလယ်သမားများအတွက် ခိုင်မာသော ဆန်စပါးဈေးကွက်ရရှိရေးဆောင်ရွက်နေမှုများနှင့် အရည်အသွေးမီ ဆန်များရရှိရေး၊ အဆင့်မြင့်ဆန်စက်ကြီးများ၊ သိုလှောင်ရုံ၊ အခြောက်ခံစက်များ ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။



ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်ရှိ လယ်ယာကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် မျိုးကောင်းမျိုးသန့် ပုလဲသွယ်စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ အသုံးချခြင်း၊ လယ်ယာမြေများကို အဆင့်မြင့်လယ်ယာမြေဖြစ်အောင် ပြုပြင်ခြင်းများ ဆောင်ရွက်နေကြောင်း၊ ထို့ပြင် ခေတ်မီရိတ်သိမ်းရေးအတွက် စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော ရိတ်သိမ်းခြွေလှေ့စက်သစ်ကြီး ၁၀ စီးဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် အလျင်လိုကျေးရွာ ၃၆၉ ဧက အဆင့်မြင့် လယ်ယာမြေစိုက်ကွင်း၏ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် ဆောင်ရွက်ထားသော ပျိုးပေါင်များပေါ်တွင် ဒေသခံတောင်သူများ၊ ကောက်စိုက်လုံမေများ၏ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချမှုကို အားပေးလျက် ကိုယ်တိုင်ပါဝင်၍ မျိုးစေ့များချ ပျိုးထောင်ပေးခဲ့ကြသည်။

အဆိုပါ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ပေးအပ်ပွဲနှင့် မျိုးစေ့ချအခမ်းအနားသို့ အလျင်လိုကျေးရွာ အနီးပတ်ဝန်းကျင်မှ ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးရန် စိတ်ဝင်စားကြသော တောင်သူလယ်သမားများ၊ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်မျိုးစေ့ချခြင်းကို လက်တွေ့လာရောက်လေ့လာကြသော လယ်သူမများ၊ ဒေသခံများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအနီး တစ်ဆက်တစ်စပ်တည်း အဆင့်မြင့် လယ်ယာမြေ ၉၄၅ ဧက ဖော်ထုတ်ပြုပြင်နေသည့် စက်ယန္တရားကြီးများ၏ လုပ်ငန်းဝင် ဆောင်ရွက်နေမှု၊ ကုန်ထုတ်လမ်းများ၊ ရေသွင်းမြောင်း၊ ရေနုတ်မြောင်းများ ထည့်သွင်းအကောင်အထည်ဖော် နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး အဆင့်မြင့်လယ်ယာမြေ ဧက ၄၀ တောင်သူပညာပေး စိုက်ခင်း၌ ပုလဲသွယ်ဗီယက်နမ်စပ်မျိုး ၁၁ မျိုး၏ ၅၂ ရက်သားရှိ သုတေသနစိုက်ခင်း၊ နဂါးမောက်သီးနှံစိုက်ခင်းနှင့် ဟင်းသီးဟင်းရွက်ခင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## ထောက်ပံ့ပေးအပ်

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေး ၃၆၉ ဧက စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များကို တောင်သူလယ်သမားများအား ထောက်ပံ့ပေးအပ်စဉ်။** (သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၉

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Dr. Villur Sundararajan Seshadri သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** နှစ်နိုင်ငံဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဒီဇင်ဘာ ၂၅ ရက်က လသာမြို့နယ် အမက(၁) လသာကျောင်းခန်းမ၌ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၂၁)ကြိမ်မြောက် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် မွေးကင်းစမှ သုံးလအဆင့် ပထမဆုရသမီးငယ် မဆုပြည့်ဖြိုး ဆုယူစဉ်။**

(၄၁)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၃၀-၁၂-၂၀၁၁ (သောကြာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာရှနာဋ္ဌိယသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "သေမှာကြောက်သူ မကြောက်သူ" တရားတော် (ဆရာတော်အရှင်ပညာဒီပ)
၆း၂၅ မန်းရွှေစက်တော်မှ ခြေတော်ရာဦးဖူးရအောင်
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၇၁)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂၄)**
၈း၅၀ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၄)
၈း၅၅ သန်လျင်မြို့၊ မင်းကျောင်း ပထမပြန်စာသင်တိုက်၏ ကျောင်းလွှတ်ပူဇော် ရေစက်ချ မင်္ဂလာအခမ်းအနား
၉း၁၀ မြစ်သံလွင်ကမ်းနံဘေးက. . . အေးချမ်းသည့်နားခိုရာ. . .
၉း၃၀ Movie Talk
၉း၅၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
၁၀း၁၀ အလက(၄) မြောက်ဥက္ကလာပ ကျောင်းဆောင်သစ်လွှဲပြောင်း ပေးအပ်ပွဲ
၁၀း၃၀ Fashion Week
၁၀း၄၅ မော်လမြိုင် GTI,GTC,GTU ကျောင်းသား၊ ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲ
၁၁း၀၀ Aikido ကစားနည်း (အပိုင်း-၃)
၁၁း၁၀ ရန်ကုန်မြင်ကွင်းကျယ်
၁၁း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၉)**
၁၂း၁၀ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့နှင့် ထူးဖောင်ဒေးရှင်းတို့၏ ပူတာအိုဒေသမျက်စိဝေဒနာ ကုသမှုအလှူ
၁၂း၄၀ ဂါရဝဖြင့်ဦးညွှတ်ချီ ဆရာများ၏ ကျေးဇူးဂုဏ်ရည် အထက(၄) မင်္ဂလာတောင်ညွန့် စိန်နံ့အန်ထော်နီ၏အာစရိယပူဇော်ပွဲအခမ်းအနား
၁း၀၀ "သေမှာကြောက်သူ မကြောက်သူ" တရားတော် (ဆရာတော်အရှင်ပညာဒီပ)
၁း၄၅ အထက(၂) တာမွေမြတ်ဆရာပူဇော်ပွဲ
၂း၀၀ MRTV-4 သတင်း
၂း၂၀ Style ရှိမှ Star ဖြစ်မယ်
၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၇၁)**
၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂၄)**
၅း၀၅ Activities In The City
၅း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၉)**
၆း၀၀ MRTV-4 သတင်း
၆း၁၅ ရန်ကုန်မြင်ကွင်းကျယ်
၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၇၂)**
၇း၂၅ The Champion of Dance
၈း၀၀ MRTV-4 သတင်း
၈း၃၀ စားချင်စဖွယ်နည်းအသွယ်သွယ်
၈း၅၀ Quiz Idol
၉း၂၀ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၅)
၉း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂၅)**
၁၀း၂၅ အနုပညာမိုးကောင်းကင်
၁၀း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၁၀)**
၁၁း၁၅ ဂီတသရုပ်ပြခန်း
၁၁း၄၀ Intellectual Talk
၁၂း၃၀ ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
၁၂း၄၀ World of Knowledge
၁း၃၀ ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၁း၄၅ "တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ"
၂း၀၀ ဇီဝမျိုးစုံ မျိုးကွဲပြတိုက် (လော်ကားဥယျာဉ်)
၂း၁၀ Barclays Premier League (Liverpool Vs Newcastle Utd)
၄း၁၀ သန့်ရှင်းကျန်းမာသော. . . အာဟာရပြည့်မှုများနှင့်အတူ
၄း၂၅ ရိုးရာအစဉ်အလာ. . . ယဉ်ကျေးမှုအဖြာဖြာ. . . ပုဂံမြို့ရဲ့ယွန်းပြတိုက်မှာ
၄း၄၅ သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ
၅း၀၀ အစီအစဉ်ပြီး။

## Barclays Premier League ဘောလုံးပွဲစဉ်

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၁၀ | Liverpool - Newcastle Utd | ESPN (MRTV-4) (Live) |

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တိုင်းဒေသကြီး/ပြည်နယ် အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများနှင့် လုပ်ငန်းညှိနှိုင်း

**နေပြည်တော်   ဒီဇင်ဘာ   ၂၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီး/ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ၊ အင်ဂျင်နီယာမှူးကြီးများ၊ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတား အထူးအဖွဲ့များမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ တိုင်းဒေသကြီး/ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ရှစ်ဖွဲ့၊ လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ရှစ်ဖွဲ့၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၁၆ ဖွဲ့၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၁၆ ဖွဲ့၊ အထူးစီမံကိန်းကြီးအဖွဲ့ ငါးဖွဲ့၊ အဖွဲ့ခွဲ ငါးဖွဲ့တို့မှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးပထမနေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားရာ၌ ပြီးခဲ့သည့်ကာလများတွင် ဆောင်ရွက်ခဲ့သော လုပ်ငန်းတိုးတက်မှုအတွေ့အကြုံအရ လိုအပ်ချက်များ၊ သင်ခန်းစာများကို လေ့လာသုံးသပ်ပြီး ဆက်လက်ဆောင်ရွက်နေသောလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များမရှိအောင် ကြိုတင်ပြင်ဆင်ရမည့် အချက်များကို ညှိနှိုင်းဆွေးနွေးသွားကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့် ဒုတိယဝန်ကြီး ဦးကျော်လွင်တို့က ရန်ပုံငွေကိစ္စများနှင့် လုပ်ငန်းဆောင်ရွက်ရမည့်အပိုင်းများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးသွားကြရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပဉ္စမကာလတို (၅)နှစ်စီမံကိန်း၊ အထူးစီမံကိန်းများ၏ ဆောင်ရွက်ချက်များကို လည်းကောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောင်ရွက်လျက်ရှိသော မြို့ပြဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဆောင်ရွက်လျက်ရှိသော အိမ်ရာစီမံကိန်းများနှင့် ပတ်သက်၍ လည်းကောင်း တင်ပြကြသည်။

ဆက်လက်၍တိုင်းဒေသကြီး/ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက မိမိနယ်မြေအတွင်း ဆောင်ရွက်လျက်ရှိသည့် အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားလုပ်ငန်းများ၊ မြို့ပြဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ် အင်ဂျင်နီယာမှူးကြီးများ၊ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတား၊ အထူးစီမံကိန်းကြီးအဖွဲ့၊ အဖွဲ့ခွဲများမှ အင်ဂျင်နီယာမှူးကြီးများကလည်း မိမိတို့တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

( သတင်းစဉ်)

# (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

★ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် စုစည်းထိန်းသိမ်းကာကွယ်ရေး။

★ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်းလျှော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန်သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

★ မှန်ကန်သောဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု ရရှိရေးတို့အတွက် တိုင်းရင်းသားအားလုံးက အသိနှင့်ယှဉ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ❖ ပြည်ထောင်စုမှ

ဆွေးနွေးပွဲတွင် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၉ ရက်က ကျိုင်းတုံမြို့၌ သဘောတူညီခဲ့ကြသော အချက်များအပေါ်တွင် အခြေခံ၍ ဆက်လက်ဆောင်ရွက်သွားကြမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ချစ်ခင်ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြပြီး သဘောတူညီချက်(၆)ချက်ကို နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးကြကာ အပြန်အလှန် လဲလှယ်ကြသည်။

အဆိုပါ သဘောတူညီချက်(၆)ချက်မှာ-

(၁) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် အထူးဒေသ(၄) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ ၂၀၁၁ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကျိုင်းတုံမြို့၌ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ကြရန် သဘောတူသည်။

(၂) အထူးဒေသ(၄) နယ်မြေအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ၏ လူမှုဘဝ မြင့်မားရေးနှင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပြည်ထောင်စုအစိုးရမှ ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးရန်အတွက် နှစ်ဖက်ညှိနှိုင်းပြီး နှစ်တို၊ နှစ်ရှည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ ချမှတ်ဆောင်ရွက်သွားရန် သဘောတူသည်။

(၃) အထူးဒေသ(၄) နယ်မြေအတွင်းရှိ တိုင်းရင်းသားလူငယ်များ၏ တွေးခေါ်မြော်မြင်မှု၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာများ တတ်မြောက်မှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့ကို မျှော်မှန်းပြီး ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ တိုးတက်မြင့်မားလာစေရေးအတွက် ပြည်ထောင်စုအစိုးရမှ ကူညီဆောင်ရွက်ပေးရန် သဘောတူသည်။

(၄) အထူးဒေသ(၄)နယ်မြေအတွင်းရှိ တိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်နိုင်မှုအတွက် ကုသရေး၊ ကာကွယ်ရေး၊ ပညာပေးရေးလုပ်ငန်းစဉ်များကို ဒေသခံပြည်သူများပါ ကျန်းမာရေးအသိစိတ်ဓာတ်များ ရရှိလာပြီး ကိုယ်တိုင်ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်သော အဆင့်ရှိလာရန် ရေရှည်စီမံချက်များ ချမှတ်၍ ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရမှ အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန် သဘောတူသည်။

(၅) အထူးဒေသ(၄) နယ်မြေအတွင်းရှိ မြို့နယ်များမှ ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွှတ်တော်အဆင့်ဆင့်တွင် ပါဝင်ပြီး နိုင်ငံတော်နှင့် ဒေသအတွင်း အရေးအရာများကို အထူးဒေသ(၄)နယ်မြေရှိ ပြည်သူ့ဆန္ဒများနှင့်အညီ ဖော်ထုတ်၊ တင်ပြ၊ စီမံခွင့်ရရှိနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားရန် သဘောတူသည်။

(၆) အထူးဒေသ(၄)သည် နိုင်ငံတော်အား သွေးကွဲစေခြင်း၊ နိုင်ငံတော်မှ ခွဲထွက်ခြင်း စသည်တို့ကို လုံးဝပြုလုပ်မည်မဟုတ်ကြောင်းနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် အထူးဒေသ(၄)၏ စွမ်းရည်များအား လှူဒါန်းပေးဆောင်သွားရန် သဘောတူညီပြီးဖြစ်သည်နှင့်အညီ ဆက်လက်၍ နိုင်ငံတော်၏ လုံခြုံရေး၊ ကာကွယ်ရေးအတွက် နိုင်ငံတော်၏ ကာကွယ်ရေးအင်အားစုများနှင့် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆက်လက်ညှိနှိုင်းဆွေးနွေးသွားရန် သဘောတူသည်။



**အထူးဒေသ(၄) ဥက္ကဋ္ဌ ဦးစိုင်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့တို့ သဘောတူညီချက်(၆)ချက်ကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတက ပေးအပ်သော အမှတ်တရလက်ဆောင်ပစ္စည်းကို အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းက အထူးဒေသ(၄) ဥက္ကဋ္ဌ ဦးစိုင်းလင်းထံ ပေးအပ်သည်။ ဆက်လက်၍ နှစ်ဖက်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့များသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

# SUMITOMO GOLF CLASSIC ဂေါက်သီးရိုက်ပြိုင်ပွဲ ရေတံခွန်တောင်ဂေါက်ကလပ်၌ ပြောင်းလဲကျင်းပမည်

**ရန်ကုန်   ဒီဇင်ဘာ   ၂၉**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Aung Hein Min Co., Ltd. နှင့် SUMITOMO HEAVY MACHINERYတို့က အဓိကကူညီပံ့ပိုးမည့် SUMITOMO GOLF CLASSIC ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကလပ်၌ ပြောင်းလဲကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် (Professional)၊ သက်ကြီးတန်း(Senior Professional)နှင့် အပျော်တမ်းအဆင့် (H'Cap 0- 10) အဆင့်ရှိသူများသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို R & A Rules Limited(St. Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၂၀၀၀၀ ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထားပြီး ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄၊ ၆၅၁၃၇၄ နှင့် ပြိုင်ပွဲကျင်းပမည့် ရေတံခွန်တောင်ဂေါက်ကလပ်တို့၌ အမည်စာရင်းပေးသွင်းကြရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**စစ်တက္ကသိုလ် အပတ်စဉ်(၁၈)၏ (၃၅)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ၁၈သိန်းကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)နှင့် အကျိုးဆောင်စာရင်းစစ် ဦးအေးမောင်သန်းတို့ထံ ပေးအပ်လှူဒါန်းကြစဉ်။** (ဇီဝိတဒါနသံဃာ့ဆေးရုံ)

# ဆိုင်ကလုန်းမုန်တိုင်း ‘သိမ်း’ အိန္ဒိယနိုင်ငံ တမီလ်နာဒူးကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်နိုင်

**ရန်ကုန်   ဒီဇင်ဘာ   ၂၉**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး “သိမ်း” (THANE)သည် အိန္ဒိယနိုင်ငံ ချင်းနိုင် (Chennai) မြို့၏ အရှေ့တောင်ဘက် မိုင် ၁၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းကြီးသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ယနေ့ညနေမှ နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

ဆိုင်ကလုန်းမုန်တိုင်းကြီး၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

ဆိုင်ကလုန်းမုန်တိုင်းကြီး၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# ဧရာအနောက်ခြမ်းနှင့် အရှေ့ခြမ်းဒေသများကို ပေါင်းကူးယှက်နွယ် ချစ်ကြိုးသွယ်မည့် ဧရာဝတီတံတား (ပခုက္ကူ)

သတင်းဆောင်းပါး-ရန်ကြီးအောင်
ဓာတ်ပုံ-မောင်မောင်သန်း (ကော့မှူး)

အမိမြန်မာပြည်၏ အသက်သွေးကြောမကြီးသဖွယ် မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းနေသော ဧရာဝတီမြစ်ကြီးသည်ကား ရှေးအစဉ်အဆက်ကပင် မြန်မာနိုင်ငံသားတို့အတွက် စားရေရိက္ခာကို ဖြည့်ဆည်းပေးခဲ့သည်။ စိုက်ပျိုးရေကို ဖြန့်ဝေပေးခဲ့သည်။ တစ်နှစ်ပတ်လုံး သောက်သုံးရေ မပြတ်လပ်အောင်လည်း ဝေမျှပေးခဲ့သည်။ ကူးလူးဆက်ဆံကုန်သွယ်မှုကိုလည်း အားပြုပေးခဲ့သည်။ နိုင်ငံမြောက်ဖျားမှ တောင်ဖျားအထိ တစ်နိုင်ငံလုံး အားကိုးအားထားပြုနေရသော မြစ်ကြီးတစ်စင်းပင် ဖြစ်သည်။

အခြားတစ်ဖက်တွင်မူ ခရီးလမ်းပန်းဆက်သွယ်ရေးအရ ဖြတ်ကူးရန်ခက်ခဲသော သဘာဝအဟန့်အတားကြီးတစ်ခု ဖြစ်နေသည်။ မြစ်ကြောင်းရှည်လျားသလောက် မြစ်ပြင်လည်း ကျယ်ပြောလှသည်ဖြစ်ရာ မြစ်တစ်ဖက်ခြမ်းမှ တစ်ဖက်ခြမ်းသို့ ရေလမ်းခရီးဖြင့် ဖြတ်သန်းသွားလာရာတွင် အချိန်များစွာ ယူရသည်။ အန္တရာယ်လည်း များသည်။ ယခင်က အခြားနည်းဖြင့် ဖြတ်ကူးစရာမရှိ၍ မြစ်အတွင်းမှပင် ကူးတို့လှေ၊ ဇက် ရေယာဉ်တို့ဖြင့် ဖြတ်ကူးသွားလာနေရသည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပေပြီ။ မိုင်ပေါင်းထောင်ချီ ရှည်လျားသည့် မြစ်ကြောင်းတစ်လျှောက် ဖြတ်ကူးစရာဆို၍ အင်းဝတံတားခေါ် စစ်ကိုင်းတံတားတစ်စင်းတည်းသာ ရှိခဲ့သည်။

သို့သော် လွန်ခဲ့သော ဆယ်စုနှစ်လွန်ကာလများတွင်မူ ဧရာဝတီမြစ်ကြီးကို ဖြတ်သန်းသွားလာနိုင်သည့် မြစ်ကူးတံတားကြီးများ အလျှိုလျှိုပေါ်ပေါက်လာခဲ့သည်။ မြစ်ကြီးနားမြို့တွင် ဗလမင်းထင်တံတား၊ စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တွင် ရတနာပုံတံတား၊ ချောက်မြို့တွင် အနော်ရထာတံတား၊ မကွေးမြို့တွင် ဧရာဝတီတံတား (မကွေး)၊ ပြည်မြို့တွင် နဝဒေးတံတား၊ ညောင်တုန်းမြို့တွင် ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်မြို့တွင် မအူပင်တံတားနှင့် ဒေးဒရဲမြို့တွင် ဒေးဒရဲတံတား စသည်ဖြင့် တံတားကြီးရှစ်စင်း ပေါ်ထွန်းလာခဲ့သည်။ ယခင် အင်းဝတံတားနှင့်ဆိုလျှင် ဧရာဝတီမြစ်ကြီးကို ဖြတ်ကျော် သွားလာနိုင်သည့် တံတားကြီးကိုးစင်း ရှိလာခဲ့ပေပြီ။

ဆက်လက်၍ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်တို့တွင် ဧရာဝတီမြစ်ကူးတံတားကြီး ငါးစင်းကိုလည်း တစ်ချိန်တည်း အသစ်ထပ်မံ တည်ဆောက်ခဲ့သည်။ ကသာမြို့နှင့် ဗန်းမော်မြို့အကြား စင်းခန်းရွာအနီးတွင် စင်းခန်းတံတား၊ စဉ့်ကူးမြို့နှင့် ကျောက်မြောင်းမြို့အနီး နွယ်ငြိမ်းရွာအကြားတွင် ရတနာသိယံတံတား၊ ပခုက္ကူမြို့တွင် ဧရာဝတီတံတား(ပခုက္ကူ)၊ မလွန်မြို့အနီးတွင် ဧရာဝတီတံတား(မလွန်)နှင့် ညောင်တုန်းမြို့အနီးတွင် ဧရာဝတီတံတား (ညောင်တုန်း) တို့ ဖြစ်သည်။

အဆိုပါတံတား ငါးစင်းစလုံးကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တစ်ပြိုင်တည်း တာဝန်ယူတည်ဆောက်လျက်ရှိရာ ညောင်တုန်းတံတားကြီးကို မကြာသေးမီက အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ယခုလည်း မကြာမီကာလအတွင်း၌ ပခုက္ကူတံတားကြီးကို ဖွင့်လှစ်ပေးတော့မည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရောက်ရှိနေသော မိမိတို့သတင်းအဖွဲ့သည်လည်း တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် ပခုက္ကူတံတားကြီးအား လေ့လာရန်အတွက် တံတားကြီးအခြေပြုရာ မြစ်အရှေ့ဘက်ကမ်းရှိ လက်ပန်ခြေပေါ်ဘက်သို့ ခြေဦးလှည့်ခဲ့မိသည်။

ဧရာဝတီမြစ်ကြီးသည်ကား ဟေမာန်နံ့နက်ခင်းဝယ် တငြိမ့်ငြိမ့်တသွင်သွင် စီးဆင်းလျက်ရှိသည်။ တံတားကြီးအနီးရှိ ရေလယ်ကျွန်းနှင့် သဲသောင်ခုံများတွင် ကား ဟင်္သာဖို၊ မတို့ပျော်မြူးနေကြသည်။ ငှက်ဗျိုင်းဖြူတို့ အစာရေစာ ရှာဖွေနေကြသည်။ မြစ်ပြင်ကျယ်ကြီးအတွင်း၌ လှေငယ်ကလေးများ၊ ရေယာဉ်ငယ်များက ဟိုမှသည်သို့ ဦးတည်လှော်ခတ်သွားလာနေကြသည်။ တံတားကြီးအနီးနှင့် တံတားပေါ်တွင်လည်း ဖွင့်ပွဲအခမ်းအနားကျင်းပရေးအတွက် မနေမနားလှုပ်ရှားဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

ပခုက္ကူတံတားကြီးသည်ကား နေခြည်နုအောက်ဝယ် တောက်ပဝင့်ကြွားလျက်။ တံတားပေါ်ရှိ ရောင်စုံအလံများသည်လည်း ဥတ္တရလေအသော့ဝယ် တလူလူလွင့်လျက် အောင်ပွဲကို ကြိုလင့်သည့်နှယ်တည်း။ ဤမျှ သစ်လွင်၊ ဤမျှလှပ၊ ဤမျှခံ့ညားထည်ဝါလှသည့် တံတားကြီးတစ်စင်း ဤနေရာတွင် ဤသို့ ပေါ်ထွန်းလာမည်ကို မည်သူမျှ အိပ်မက်ပင် မက်မိမည်မထင်၊ သဘာဝအလှတရားနှင့် ပြည့်စုံသော မိခင်ဧရာဝတီကို အဖိုးမဖြတ်နိုင်သော ရတနာလည်ဆွဲကြီးတစ်ကုံး ဆင်မြန်းပေးလိုက်သည့်ပမာ လွန်စွာ ပန်ရလျက်ရှိပေပြီ။

စင်စစ်တံတားကြီးကို တည်ဆောက်ခဲ့သည့်ကာလမှာ ဘာမျှမကြာလှသေး၊ အချိန်တိုကာလအတွင်း အလွန်ကြီးမားခိုင်ခံ့သော တံတားကြီးတစ်စင်း ပြီးစီးအောင်မြင်အောင် တည်ဆောက်နိုင်ခဲ့သည့် မြန်မာအင်ဂျင်နီယာများ၏ စွမ်းပကားကိုကား အံ့သြချီးမွမ်းရမည်မှာ ဆိုဖွယ်ရာမရှိ၊ သို့ဖြစ်၍ တံတားကြီးကို တာဝန်ယူတည်ဆောက်ခဲ့သည့် အင်ဂျင်နီယာများကို တွေ့ဆုံမေးမြန်းစူးစမ်းခဲ့သည်။

တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာချုပ် ဦးရွှေလေးက "တံတားကြီးကို ၁၅-၁၂-၂၀၀၉ ရက်နေ့က စတင်တည်ဆောက်ခဲ့တာပါ။ နှစ်နှစ်အကြာ ၁၄-၁၂-၂၀၁၁ ရက်နေ့မှာ တည်ဆောက်ပြီးစီးခဲ့ပါတယ်။ အချိန်တိုအတွင်း နေ့ညမနား ဆောင်ရွက်ခဲ့လို့ အခုလို မြန်မြန်ဆန်ဆန် တည်ဆောက်ပြီးစီးခဲ့တာပါ"ဟု ရှင်းလင်းပြောကြားသည်။

တံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့ (၃)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားဆောက်လုပ်ရေး အထူးအဖွဲ့ (၄)နှင့် တံတားဆောက်လုပ်ရေး အထူးအဖွဲ့(၁၄)တို့ကလည်း ပူးပေါင်းပါဝင်တည်ဆောက်ခဲ့ကြသည်။ စီမံကိန်းအတွက် အကြိုအင်ဂျင်နီယာ လုပ်ငန်းများကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၃-၁၂-၂၀၀၉ ရက်နေ့တွင် တံတားကြီး၏ လျာထားတံတားအူကြောင်းနေရာကို နိုင်ငံတော်အကြီးအကဲက အတည်ပြုရွေးချယ်ပေးခဲ့သည်။ နောက်တစ်နေ့ဖြစ်သည့် ၁၄-၁၂-၂၀၀၉ ရက်နေ့တွင် တံတားစတင်တည်ဆောက်ရန်အတွက် လက်ပန်ခြေပေါ်ဘက်ကမ်း၊ ရေလယ်ကျွန်းနှင့် ပခုက္ကူဘက်ကမ်းတို့တွင် တစ်ပြိုင်တည်း မြေသန့်မင်္ဂလာ ပြုလုပ်ခဲ့သည်။ တစ်ဆက်တည်းမှာပင် ၁၅-၁၂-၂၀၀၉ ရက်နေ့တွင် ပန္နက်တော်တင်၊ တွင်းတော်ဝန်းမင်္ဂလာ အခမ်းအနားများကို ကျင်းပခဲ့ပြီး ပင်မတံတားအောက်ခြေထည် တည်ဆောက်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။ ထို့နေ့၊ ထိုရက်၊ ထိုအချိန်မှစ၍ နေ့ဆိုင်းညဆိုင်းခဲ့ကာ နေ့ရောညပါ တံတားကြီးကို မနားမနေ တည်ဆောက်ခဲ့ကြောင်း အင်ဂျင်နီယာချုပ် ဦးရွှေလေးက ဆက်ရှင်းပြသည်။

တံတားကြီးသည် အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် INDIA-MYANMAR-THAI Tripartite Highway လမ်းမကြီးပေါ်တွင် တည်ရှိသည်။ Tripartite Highway လမ်းမကြီးအတွက် အဓိကတံတားကြီးအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

INDIA - MYANMAR - THAI Tripartite Highway လမ်းမကြီးသည်ကား မြန်မာနိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် စကြိုလမ်းကြောင်း ငါးခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး အမှတ်(၅) စကြိုလမ်းမကြီး (သို့မဟုတ်) အနောက်ပိုင်းစကြိုလမ်းမကြီးဟုလည်း ခေါ်သည်။ မြန်မာနိုင်ငံအတွင်း၌ အိန္ဒိယ-မြန်မာနယ်စပ် တမူးမြို့မှစတင်၍ ကလေးဝ-မြို့မချောင်းမ-ယင်းမာပင်-လင်းကတော-လက်ဆည်ကန်-ပခုက္ကူ-လက်ပန်ခြေပေါ်-ပုဂံ-ကျောက်ပန်းတောင်း-ပျော်ဘွယ်-အုတ်တွင်း-ထန်းတပင်-ကျောက်ကြီး-ရွှေကျင် - ဒိုဇရစ် - သိမ်ဇရပ် - သထုံ-မော်လမြိုင်-မုဒုံ-ကော့ကရိတ်လမ်းအတိုင်း မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့အထိ ဆက်သွယ်ထားသည့် လမ်းမကြီးဖြစ်ပြီး လမ်းအရှည် ၁၃၆၀ ကီလိုမီတာ မိုင်အားဖြင့် ၈၄၅ မိုင်ခန့်ရှိသည်။ ယင်းလမ်းမကြီးမှာ အိန္ဒိယနိုင်ငံနှင့် အာဆီယံနိုင်ငံများ ဆက်သွယ်သွားလာရာ၌ အဓိကကျသည့် လမ်းမကြီး ဖြစ်လာမည်ဖြစ်သည်။



ယခုအခါ တံတားကြီးကို အလုံးစုံ ပြီးပြည့်အောင်မြင်စွာ၊ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစွာဖြင့် တည်ဆောက်ပြီးစီးခဲ့ပေပြီ။ တံတားကြီးမှာ ကားလမ်းနှင့် ရထားလမ်း ပူးတွဲပါရှိသည့် မြစ်ကူးတံတားကြီးတစ်စင်း ဖြစ်သည်။ ပင်မတံတားကြီး၊ ချဉ်းကပ်ကားလမ်းနှင့် ချဉ်းကပ်ရထားတံတားများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောက်လုပ်ခဲ့သည်။ ချဉ်းကပ်ရထားလမ်းတာပေါင်များ ဖောက်လုပ်ခြင်းနှင့် သံလမ်းခင်းခြင်းလုပ်ငန်းများကိုမူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

တံတားကြီးမှာ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နှင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့တို့ကို ဆက်သွယ်ပေးထားသည်။ ပင်မတံတား သံမဏိသံပေါင်အရှည်မှာ ၁၁၄၃၁ ပေ (၂ ဒသမ ၁၆ မိုင်)၊ ကားလမ်းတံတားအရှည်မှာ စုစုပေါင်း ၁၃၅၃၇ ပေ (၂ ဒသမ ၅၆ မိုင်)၊ ရထားလမ်းတံတားအရှည်မှာ စုစုပေါင်း ၂၀၅၉၇ ပေ (၃ ဒသမ ၉၀ မိုင်) ရှိသည်။ ကားလမ်းချဉ်းကပ်တံတားမှာ ပခုက္ကူဘက်ကမ်းတွင် ၁၃၇၈ ပေနှင့် လက်ပန်ခြေပေါ်ဘက်ကမ်းတွင် ၇၂၈ ပေ စုစုပေါင်း ချဉ်းကပ်တံတားအရှည် ၂၁၀၆ ပေ ရှိသည်။ ရထားလမ်းချဉ်းကပ်တံတားမှာ ပခုက္ကူဘက်ကမ်းတွင် ပေ ၅၄၂၀ နှင့် လက်ပန်ခြေပေါ်ဘက်ကမ်းတွင် ၃၇၄၆ ပေ စုစုပေါင်း ချဉ်းကပ်တံတားအရှည် ၉၁၆၆ ပေရှိသည်။

တံတားကြီးပေါ်တွင် အကျယ် ၂၈ ပေရှိ နှစ်လမ်းသွားကားလမ်း၊ အကျယ် ၁၄ ပေရှိ ရထားလမ်းနှင့် တစ်ဖက်လျှင် သုံးပေ၊ သုံးလက်မအကျယ်၊ စုစုပေါင်း ခြောက်ပေ ခြောက်လက်မရှိ လူသွားလမ်းတို့ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၂၆၂ ပေနှင့် အမြင့် ၅၂ ပေ ရှိသည်။ တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့် တိုင်ကိုယ်ထည်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင် အမျိုးအစားဖြစ်ကာ တံတား၏ မော်တော်ယာဉ် တစ်စီးချင်းဝန်အလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

ပင်မတံတား အောက်ခြေထည် တည်ဆောက်ရာတွင် ဘိုးပိုင်အလုံးပေါင်း ၅၂၀၊ Pile Cap, Pier Shaft နှင့် Pier Top Beam ၃၁ ခုစီတို့ကို တည်ဆောက်ခဲ့ရသည်။ ပင်မတံတားအပေါ် ထည် တည်ဆောက်ရာတွင်လည်း သံမဏိသံပေါင် အခန်း ၃၀ တပ်ဆင်ခဲ့ရပြီး ကြမ်းခင်းနှင့် လက်ရမ်းများကိုလည်း တည်ဆောက်ခဲ့ရသည်။ လက်ပန်ခြေပေါ်ဘက်ကမ်း တံတားချဉ်းကပ်ကားလမ်း တည်ဆောက်ရာတွင် ဘိုးပိုင်အလုံး ၇၀၊ တံတားတိုင် ၁၀ ခု၊ တံတားချဉ်းကပ် ရထားလမ်း တည်ဆောက်ရာတွင် ဘိုးပိုင် ၁၇၄ လုံး၊ တံတားတိုင် ၄၂ ခု၊ ပခုက္ကူဘက်ကမ်း တံတားချဉ်းကပ် ကားလမ်း တည်ဆောက်ရာတွင် ဘိုးပိုင် ၁၃၂ လုံး၊ တံတားတိုင် ၂၁ ခု၊ တံတားချဉ်းကပ် ရထားလမ်း တည်ဆောက်ရာတွင် ဘိုးပိုင် ၂၅၄ လုံးနှင့် တံတားတိုင် ၆၂ ခုတို့ကို တည်ဆောက်ခဲ့ရကြောင်း အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ တာဝန်ခံအင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးက ပြောကြားသည်။ ကမ်းနှစ်ဖက်စလုံးရှိ ချဉ်းကပ်ကားလမ်းများကိုလည်း တည်ဆောက်ပြီးစီးသွားပြီဖြစ်ရာ ပြည်သူများ အဆင်သင့်သွားလာနိုင်ပြီ ဖြစ်ကြောင်း သိရှိရသည်။ တစ်ချိန်တည်း တစ်ပြိုင်နက်တည်း တည်ဆောက်ပြီးစီးရန်အတွက် စက်၊ ယာဉ်၊ ယန္တရား စုစုပေါင်း ၇၆ စီးကို နေ့ညမနား အသုံးပြုခဲ့ရပြီး အင်ဂျင်နီယာများ အပါအဝင် အမြဲတမ်းဝန်ထမ်း ၁၄၉ ဦး၊ ကျွမ်းကျင်လုပ်သားနှင့် သာမန်လုပ်သား ၅၅၉၄ ဦးတို့က တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ တည်ဆောင်နေစဉ်ကာလအတွင်း စီမံကိန်း စတင်သည်မှ ပြီးဆုံးသည်အထိ ဒေသခံပြည်သူများကို ယာယီဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ခဲ့သည်။ လုပ်သားပေါင်း ထောင်နှင့်ချီကာ ခန့်ထားပေးခဲ့ရာ ဒေသ၏ အလုပ်အကိုင် အခွင့်အလမ်းကိုလည်း တံတားကြီးက ဖြည့်ဆည်းပေးနိုင်ခဲ့ပေသည်။

တံတားကြီးကို ယခုကဲ့သို့ မြန်မြန်ဆန်ဆန်ပြီးစီးအောင် မည်သို့တည်ဆောက်ခဲ့သနည်းဟု မေးမြန်းကြည့်ရာ အင်ဂျင်နီယာတစ်ဦးက လူကူ၊ စက်ကူအားဖြည့်ယူပြီး ရှိသမျှစွမ်းအားကို စုပြုံပုံအောကာ မြန်နှုန်းမြင့် နည်းလမ်းကို အသုံးပြုဆောင်ရွက်ခဲ့သဖြင့် ဤသို့ ပြီးစီးအောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

တံတားကြီး၏ ချဉ်းကပ်ကားလမ်းများမှာ မြစ်အရှေ့ဘက်ခြမ်းတွင် ညောင်ဦး - မြင်းခြံလမ်းနှင့် ဆက်သွယ်ထားပြီး မြစ်အနောက်ဘက်ကမ်းတွင် ပေါက်-ပခုက္ကူလမ်းနှင့် ပခုက္ကူမြို့တွင်းသို့ ချိတ်ဆက်ထားသည်။ တံတားကြီးနှင့် ဆက်စပ်လျက် အရှည် ၄ မိုင် ၃ ဖာလုံရှိ ပခုက္ကူမြို့ရှောင်လမ်းကိုလည်း ဖောက်လုပ်ဦးမည်ဖြစ်သည်။

ဧရာဝတီတံတား(ပခုက္ကူ)၏ ချဉ်းကပ်ရထားလမ်းစီမံကိန်းမှာ မြန်မာ့မီးရထား၏ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ၁၃ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်အရှေ့ဘက်ခြမ်းရှိ ဖောက်လုပ်ဖွင့်လှစ်ပြီးဖြစ်သည့် တောင်တွင်းကြီး-ပုဂံ-မြင်းခြံ ရထားလမ်းနှင့် မြစ်အနောက်ဘက်ခြမ်းတွင် ဖောက်လုပ်ဆဲဖြစ်သည့် ကြံခင်း-ပခုက္ကူရထားလမ်းကို ဆက်သွယ်သွားလာနိုင်ရန် စီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း မေးမြန်းသိရှိရသည်။ တံတားပေါ်ရှိ ရထားလမ်းမှာ ပုဂံ-မြင်းခြံလမ်းပေါ်ရှိ သစ်ထောင့်ဘူတာနှင့် ကြံခင်း-ပခုက္ကူလမ်းပေါ်ရှိ ပခုက္ကူ တက္ကသိုလ်ဘူတာတို့ကို ချိတ်ဆက်ပေးထားသည်။

တံတားကြီးပေါ်မှ ဖြတ်သန်း၍ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ပုသိမ်၊ ကြံခင်း၊ ပခုက္ကူ ကလေး၊ မင်းဘူး၊ အမ်း၊ စစ်တွေမြို့များနှင့် နိုင်ငံတစ်ဝန်းလုံးရှိ နေပြည်တော်၊ မန္တလေး၊ မြစ်ကြီးနား၊ တောင်ကြီး၊ ရန်ကုန်၊ မော်လမြိုင်နှင့် ထားဝယ်မြို့များသို့ ရထားခရီးစဉ်များဖြင့် တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်ကြောင်း မေးမြန်းသိရှိရသည်။

စီမံကိန်း၏ ပခုက္ကူဘက်ခြမ်း ချဉ်းကပ်ရထားလမ်းတာပေါင် အရှည်မှာ ၁ ဒသမ ၇၁ မိုင်၊ လက်ပန်ခြေပေါ်ဘက်ခြမ်း ချဉ်းကပ်ရထားလမ်းတာပေါင် အရှည်မှာ ၂ ဒသမ ၃၀ မိုင်၊ ပင်မတံတားနှင့် ချဉ်းကပ်ရထားလမ်းတံတားများအပါအဝင် စုစုပေါင်းရထားလမ်းအရှည် ၇ ဒသမ ၉၁ မိုင်နှင့် စုစုပေါင်း ရထားသံလမ်းအရှည် ၉ ဒသမ ၂၈ မိုင်ရှိပြီး အများဆုံးကွေ့ဒီဂရီမှာ ၃ ဒီဂရီဖြစ်သည်။ တံတားဖွင့်လှစ်ပြီးပါက ပခုက္ကူမှ ပုဂံသို့ ရထားစတင်ပြေးဆွဲမည်ဖြစ်ပြီး ခရီးသွားချိန် တစ်နာရီခန့်သာ ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

တံတားကြီးကား ရှည်လျားသလောက် ခံ့ညားထည်ဝါလွန်းလှ၏။ သေသပ်လှပလွန်းလှ၏။ တံတားကြီး၏ ပခုက္ကူဘက်ကမ်းအဆင်းတွင်မူ ပခုက္ကူ

### ညမီးရောင်စုံများဖြင့် ဧရာဝတီတံတား(ပခုက္ကူ)ကို တွေ့ရစဉ်။

မြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားသည်။ ဤတွင် မိတ်ဆွေဟောင်းများဖြစ်သည့် ပခုက္ကူမြို့သား ကိုစိုးမင်းနိုင်နှင့် မငြိမ်းငြိမ်းတို့ မိသားစုနှင့် အဆင်သင့်ပင် တွေ့ဆုံခဲ့ရသည်။ စကားပြောသွက်သော မငြိမ်းငြိမ်းက "အရင်ကဆို ဟိုဘက်ကမ်းကို ဇက်ကူးပြီးမှ သွားရတော့ ပုဂံညောင်ဦးဘက်ကို တော်တော်နဲ့ မရောက်ဖြစ်ဘူး။ ခုတံတားကြီးပေါ်က သွားလို့ရပြီဆိုတော့ ပုဂံကဘုရားတွေကို နေ့တိုင်းသွားဖူးလို့ရပြီပေါ့"ဟု အားရဝမ်းသာ ပြောပြသည်။

ပခုက္ကူတံတားကြီးသည်ကား ကားလမ်းရော၊ ရထားလမ်းဖြင့်ပါ မြစ်တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်းကို ပေါင်းစည်းဆက်သွယ်ပေးလိုက်ပေပြီ။ ယခင်ကဆိုလျှင် ဧရာဝတီမြစ်ကြီး၏ အနောက်ဘက်ခြမ်း ဒေသများမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ခေတ်အဆက်ဆက်ကပင် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။ ထို့ကြောင့်ပင် နိုင်ငံတော်က မြစ်အနောက်ဘက်ကမ်းတွင် တစ်မြို့နှင့်တစ်မြို့၊ တစ်နယ်နှင့် တစ်နယ် ဆက်သွယ်သွားလာနိုင်အောင် လမ်းများ ဖောက်လုပ်ပေးခဲ့သည်။ ထို့အပြင် မြစ်အရှေ့ဘက်ကမ်းရှိ မြို့ကြီးများနှင့် တစ်ဆက်တစ်စပ်တည်း

စာမျက်နှာ ၇ ကော်လံ ၁ သို့



## တည်ခင်း ဧည့်ခံ

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆု ဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များ အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံစဉ်။** (သတင်းစဉ်)

# ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များအား ယနေ့ညနေ ၆ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးရုံး စုဝေးခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ စာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များ၊ ဆုချီးမြှင့်ခြင်းခံရသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာစားပွဲမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့တို့က အဆို၊ အက တေးသံသာများဖြင့် ဖျော်ဖြေကြသည်။ (သတင်းစဉ်)

# ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ ယနေ့အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၅၀၀၀ ကျော် ရောင်းချနိုင်ခဲ့

**ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

ပဉ္စမနေ့ပြပွဲ ညနေ ၃ နာရီတွင် ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ပြပွဲအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။ ပြပွဲတွင် နံနက် ၉ နာရီမှ စတင်၍ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များသည် ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအား စိတ်ဝင်တစား ကြည့်ရှုရွေးချယ်မှတ်သားကြပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၁၄၆၅ တွဲ ရောင်းချရပြီး ယနေ့အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၅၀၀၀ ကျော်ကို ရောင်းချနိုင်ခဲ့သည်။

၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၁၂ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲများကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



❐ စာမျက်နှာ ၆ မှ

ကူးလူးသွားလာနိုင်အောင်လည်း မြစ်ကူးတံတားကြီးများ တည်ဆောက်ပေးခဲ့သည်။ ယင်းသို့ ဆောင်ရွက်ပေးမှု၏ အကျိုးရလဒ်ကား မြစ်ကူးချောင်းခြားပင် ဖြစ်စေကာမူ တစ်နယ်နှင့်တစ်နယ် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုများ တိုးပွားလာခဲ့သည်။ ကူးလူးဆက်ဆံမှုများ ပိုမိုတိုးတက်လာခဲ့သည့်နည်းတူ ယင်းဒေသများသည်လည်း တစ်ဟုန်ထိုး ဖွံ့ဖြိုးလာခဲ့သည်။

သို့သော် ပခုက္ကူဒေသသည်ကား ယခင် တည်ဆောက်ပေးခဲ့သည့် မြစ်ကူးတံတားကြီးများနှင့် အလှမ်းကွာဝေးနေခဲ့သည်။ ပမာပြောရလျှင် ပခုက္ကူမှ ရန်ကုန်သို့ သွားလိုပါက မြစ်အနောက်ဘက်ရှိ ပုသိမ် - မုံရွာ လမ်းအတိုင်း မင်းဘူးသို့သွား၊ ထိုမှတစ်ဆင့် ဧရာဝတီတံတား (မကွေး)ကို ဖြတ်သန်းပြီး မကွေးမြို့ရောက်၊ မကွေးမှတစ်ဆင့် မကွေး-ရန်ကုန်ကားလမ်းအတိုင်း သွားရသည်။ တစ်ဆင့်ပြီးတစ်ဆင့် တစ်လမ်းပြီး တစ်လမ်း သွယ်ဝိုက်သွားမှ လိုရာခရီးကို ရောက်ရသည်။ အလားတူ ပုဂံ-ညောင်ဦး-ကျောက်ပန်းတောင်း-မိတ္ထီလာ-ရန်ကုန်လမ်းမှ သွားလိုလျှင်လည်း လက်ပန်ခြေပေါ် ဘက်ကမ်းသို့ ဇက်ရေယာဉ်ဖြင့် တစ်နာရီကျော်ကြာအောင် ဖြတ်ကူးပြီးမှ သွား၍ရသည်။ မန္တလေးမြို့သို့ သွားလိုပါက ရေစကြိုဘက်သို့သွား၊ ချင်းတွင်းမြစ်ကူးဆင်ဖြူရှင်တံတားကိုဖြတ်၊ ချောင်းဦးမြို့ရောက်၊ ချောင်းဦးမြို့မှတစ်ဆင့် မုံရွာ-မန္တလေးလမ်းအတိုင်း တစ်ကွေ့တစ်ပတ်သွားမှ ရောက်သည်။ ဘယ်လမ်းက သွားသွား ဖြောင့်တန်းသည်ဟူ၍ မရှိ။ ခရီးဖင့်သလို အချိန်လည်း ကြန့်ကြာခဲ့ရသည်။ ယခုမူ ပခုက္ကူတံတားကြီးကို ဖြတ်၍ အချိန်တိုအတွင်း လိုရာခရီးကို ဖြောင့်တန်းတည့်မတ်စွာ သွားလာနိုင်ပေပြီ။ တံတားကြီးကို ဖြတ်ကျော်ပြီးသည်နှင့် ညောင်ဦး-မြင်းခြံလမ်းပေါ်သို့ တန်း၍ ရောက်သည်။ ထိုမှတစ်ဆင့် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ နေပြည်တော်၊ တောင်ကြီး၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ တာချီလိတ်၊ လားရှိုး၊ မူဆယ်၊ ပဲခူး၊ မော်လမြိုင်၊ ဘားအံ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းအထိ တစ်ဆက်တစ်စပ်တည်း အဟန့်အတားမရှိ လွယ်လင့်တကူ ကူးသန်းသွားလာနိုင်ပေပြီ။

အလားတူ မြစ်အရှေ့ဘက်ကမ်းရှိ မြို့ရွာများမှလည်း မြစ်အနောက်ဘက်ကမ်းရှိဒေသများသို့ သွားရောက်လိုပါက ပခုက္ကူမှတစ်ဆင့် ပုသိမ်-မုံရွာလမ်းအတိုင်း တောင်မှမြောက်သို့ သွားလိုရာသွားလာနိုင်သည်။ မြိုင်၊ ရေစကြို၊ ပေါက်၊ ကျောက်ထု၊ ဂန့်ဂေါ၊ ပုလဲ၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ကနီ၊ မင်းကင်း၊ ကလေးဝ၊ ကလေး၊ မော်လိုက်၊ ဟုမ္မလင်း၊ ခန္တီး၊ ဖလမ်း၊ ဟားခါး၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက် စသည့် မကွေးတိုင်းဒေသကြီး မြောက်ခြမ်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့သို့ တိုးလျှိုပေါက်သွားလာ၍ ရပေပြီ။ ထို့အတူ မင်းဘူး-အမ်း-စစ်တွေလမ်းမှတစ်ဆင့်လည်း ရခိုင်ပြည်နယ်အတွင်းရှိ မြို့ရွာများသို့ အလွယ်တကူသွားလာနိုင်ပေပြီ။

စင်စစ် ပခုက္ကူတံတားကြီးသည်ကား ဧရာဝတီမြစ်ကြီးကို အောင်မြင်စွာ ဖြတ်ကျော်၍ မြစ်အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းဒေသများကို ပေါင်းစည်းယှက်နွယ် ဆက်သွယ်ပေးခဲ့ပေပြီ။ ပြည်တွင်းဆက်သွယ်သွားလာမှုသာမက ပြည်ပနိုင်ငံများနှင့် ဆက်သွယ်သော လမ်းမကြီးပေါ်တွင် တည်ရှိနေ၍လည်း ပို၍ တန်ဖိုးရှိလှပေသည်။ ကူးသန်းသွားလာမှု လွယ်ကူလာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှုလည်း ပိုမိုလွယ်ကူလျင်မြန်စေပေတော့မည်။ တစ်ဦးနှင့်တစ်ဦး တွေ့မြင်ခင်မင်မှုမှသည် ချစ်ကြည်ရင်းနှီးမှုကိုလည်း ဆတက်ထမ်းပိုးတိုးပွားစေပေတော့မည်။ ယခင်က မြစ်ကူးချောင်းခြား အနေဝေးခဲ့သူများအကြား ဤတံတားကြီးက မေတ္တာပေါင်းကူးပမာ ချစ်ကြိုးသွယ်လျက် လက်ချင်းဆက်ပေးပေတော့မည်ဟု ယုံကြည်မြင်ယောင်မိသည်တကား။ ။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၃၀-၁၂-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၈း၂၀ ၈။ “ဘဝသစ်ရဲ့စာမျက်နှာ”
၈း၃၀ ၉။ အကပြိုင်ပွဲ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ လက်ဆင့်ကမ်းပေးဂီတတေး
၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၄၀ ၅။ နှောင်းခေတ်တေးပဒေသာ
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅း၃၀ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
၅း၄၅ ၁၀။ “စုစည်းခံစားကမ္ဘာ့အားကစား”
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်နဲ့အမုန်း” (ဒုတိယတွဲ)(အပိုင်း-၁၉)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လျှပ်တစ်ပြက်ဟာသများ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေးနောက်ဆုံးချစ်ပုံပြင်” (ဒုတိယတွဲ) (အပိုင်း-၃၁)**
၂၀။ သီချင်းချစ်သူ (အရိုး)
၂၁။ အစီအစဉ်ပြီး၏။

## သံတွဲခရိုင်အသင်း တွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

သံတွဲခရိုင်အသင်း (ဂွ-တောင်ကုတ်-သံတွဲ) တွေ့ဆုံမိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၃၁ ရက် (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ကန်တော်မင်္ဂလာပန်းခြံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် အသင်းမဝင်ရသေးသည့် ခရိုင်သူ၊ ခရိုင်သားများအားလုံး တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (ကြေးမုံ)

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ မီးဘေးဒုက္ခသည်များအား အားပေးစကားပြောကြား

ရန်ကုန်　　ဒီဇင်ဘာ　　၂၉

ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်ရှိ ဒိဗ္ဗိဒိ၊ အီးဗွိဒိပစ္စည်းများ သိုလှောင်ထားသည့်ဂိုဒေါင်မှ မီးစတင်လောင်ကျွမ်းပြီး ပရဆေး ဂိုဒေါင်သို့ မီးကူးစက်လောင်ကျွမ်းကာ မီးလောင်ကျွမ်းပေါက်ကွဲပြီး ဂိုဒေါင်များ၊ လူနေအိမ်များ၊ ဘုန်းကြီးကျောင်းများ မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်ပေါက်ကွဲမှုကြောင့် ၁၇ ဦး သေဆုံးပြီး ၈၃ ဦး ဒဏ်ရာရရှိခဲ့သည်။ မီးလောင်မှုကြောင့် မီးဘေးဒုက္ခရောက်ရှိသည့် အိမ်ထောင်စုများအား ပုသိမ်ညွန့်ရပ်ကွက် သမိန်ဗရမ်းလမ်းရှိ မဟာဝိဇယရာမကျောင်းနှင့် အထက(၇)တို့တွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့ ညနေ ၅ နာရီခွဲတွင် မီးလောင်ပြင်သို့ရောက်ရှိပြီး မီးလောင်ပြင်ရှင်းလင်းရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ရန် မှာကြားပြီး မဟာဝိဇယရာမကျောင်းနှင့် အထက(၇)ရှိ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ မီးဘေးဒုက္ခသည်များအား အားပေးစကားပြောကြားသည်။ ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှု ခံယူလျက်ရှိသည့် မီးလောင်မှုတွင် ထိခိုက်ဒဏ်ရာရရှိသူများအား အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် ကူးတို့ဆိပ်လမ်းရှိ မီးလောင်ပြင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား ၁၇ ဦးသေဆုံး၊ ၈၃ ဦး ဒဏ်ရာရရှိ မီးဘေးဒုက္ခသည်များအား ယာယီကယ်ဆယ်ရေးစခန်းများ၌ နေရာချထားပေးပြီး ကူညီပံ့ပိုးပေးထား

ရန်ကုန်　　ဒီဇင်ဘာ　　၂၉

**ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးလောင်မှုဖြစ်ပွားပြီး ၁၇ ဦး သေဆုံးကာ ၈၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အိမ်ထောင်စု ၁၄၀ အိုးမဲ့အိမ်မဲ့ဖြစ်ပွားပြီး ဂိုဒေါင် ၁၆ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးသတ်ယာဉ်လေးစီးပျက်စီးပြီး ဂိုဒေါင်များ၊ လူနေအိမ်များ၊ တန်းလျားများ၊ ဘုန်းကြီးကျောင်းများ ပြိုကျပျက်စီးမှုရှိခဲ့ကြောင်း သိရှိရသည်။**

ဖြစ်ပွားပုံမှာ နံနက် ၁ နာရီ မိနစ် ၄၀ ခန့်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် ကူးတို့ဆိပ်လမ်း မေတ္တာမွန် ဂိုဒေါင်အုပ်စုရှိ တီဗွီ၊ အီးဗွီဒီ၊ ဒီဗွီဒီ စက်များထားရှိသည့် ဂိုဒေါင်အမှတ်(၈၀)မှ မီးစတင်လောင်ကျွမ်းပြီး ပရဆေးများ ထားရှိသည့် ဂိုဒေါင်အမှတ်(၇၉)သို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ ယင်း ပရဆေး ဂိုဒေါင်အတွင်း ဇဝက်သာအိတ် ၄၀၀၊ ဆေးဒန်းအိတ် ၄၀၀၊ ဗမာယမ်းစိမ်း တစ်အိတ်လျှင် ပိဿာ ၅၀ ရှိ အိတ် ၂၀၊ ဘုမ္မရာဇာ အိတ် ၅၀ ၊ သိန္ဓောအိတ် ၂၀၀၊ ဆားပုပ်အိတ် ၂၀၀၊ အလိုကျူအိတ် ၁၀၀၊ ထိန်ပွင့်အိတ် ၃၀၊ လက်ချားအိတ် ၁၀၀၊ နံ့သာနီအိတ် ၅၀၊ နွယ်ချိုအိတ် ၁၀၀၊ ပန်းဝတ်ဆံအိတ် ၆၀ တို့ရှိရာ ၎င်း ပရဆေးအိတ်များကို မီးလောင်ကျွမ်းပြီး ဓာတ်ပြုပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် မီးသတ်ရန် ရောက်ရှိလာသည့် မီးသတ်ယာဉ်များအနက်မှ မီးသတ်ယာဉ်လေးစီး ပျက်စီးပြီး ဂိုဒေါင် ၄၂ လုံးရှိသည့်အနက် ၁၆ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ဂိုဒေါင် ၂၆ လုံး၊ ၎င်းဂိုဒေါင်အနီးရှိ အာရှဏ်ဦး တန်းလျားနှစ်လုံး၊ အခန်းငယ် ၁၈ ခန်း၊ ကူးတို့ဆိပ်ရပ်ကွက် ကူးတို့ဆိပ်လမ်းရှိ လူနေအိမ် ၇၆ လုံး၊ ခေမာသီဝံဘုန်းကြီးကျောင်း တစ်ကျောင်း၊ ဆောက်လုပ်ဆဲ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ ဓမ္မာရုံတစ်ခုတို့ ပြိုကျပျက်စီးခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားသည့် ဂိုဒေါင်နေရာတွင် ၁၅ ပေအနက် ပေ ၄၀ ပတ်လည်ကျင်းတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။



မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများ ရောက်ရှိပြီး မီးသတ်ယာဉ် ၅၇ စီး၊ အုပ်ချုပ်မှုယာဉ် ကိုးစီး၊ ထောက်ပံ့ရေးယာဉ် ခုနစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်မှုကြောင့် နံနက် ၆ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ သေဆုံးသူ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ငါးဦး ရှိကြောင်း၊ ဒဏ်ရာရရှိသူ အမျိုးသား ၆၅ ဦး၊ အမျိုးသမီး ၁၈ ဦးတို့အား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသည်။

မီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၁၇ ဦးအနက် မီးသတ်တပ်ဖွဲ့ဝင် ငါးဦးပါဝင်ခဲ့ပြီး ဒဏ်ရာရရှိသူ ၈၃ ဦးအနက် မီးသတ်တပ်ဖွဲ့ဝင် ၃၃ ဦး ပါဝင်ကြောင်း သိရသည်။

မီးဘေးဒုက္ခသည် အိမ်ထောင်စု ၁၄၀ မှ လူဦးရေ အမျိုးသား ၄၅၈ ဦး၊ အမျိုးသမီး ၅၉၂ ဦးတို့အား မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အမက(၂၀)နှင့်(၂၁)၊ မဟာဝိဇယရာမဘုန်းကြီးကျောင်းတို့တွင် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပေးထားပြီး ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသရေးအဖွဲ့၊ တပ်မတော်ဆေးတပ်ဖွဲ့ဆေးခန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကျန်းမာရေးကူညီမှုအသင်း၊ ဖြိုးစေတနာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ သက်သာချောင်ချိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။ စေတနာရှင် အလှူရှင်များကလည်း မီးဘေးဒုက္ခသည်များအား ထမင်းထုပ်၊ ရေဘူး၊ စားသောက်စရာ၊ အဝတ်အထည်များ၊ အခြားလူသုံးကုန်ပစ္စည်းများကို လာရောက်လှူဒါန်းလျက်ရှိသည်။

မီးလောင်ကျွမ်းမှုအကြောင်းရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးကို စုံစမ်းစိစစ်ဆဲဖြစ်ကြောင်း သိရသည်။ ပေါက်ကွဲမှုပြင်းထန်သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အများအပြားမှ နေအိမ်တိုက်တာများ တုန်ခါသွားပြီး မှန်များကွဲကာ ပြတင်းပေါက်များ၊ တံခါးများပွင့်ထွက်မှုများ ဖြစ်ပွားခဲ့သည်။ ကူးတို့ဆိပ်ရပ်ကွက်အနီးရှိ ပုဇွန်တောင်ချောင်းအတွင်း ရေယာဉ်များလည်း ထိခိုက်မှုရှိခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးလောင်မှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)



ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။

(သတင်းစဉ်)

## မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။

(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။

(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။

(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။

(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။

(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။

(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံး မပြုပါနှင့်။

(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။

(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

**မီးသတ်ဦးစီးဌာန**

# နိုင်ငံတော်အစိုးရက လက်ရှိဖော်ဆောင်ပေးနေသော ဒီမိုကရေစီရှင်သန်ရေးတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် မိမိတို့တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို အင်တိုက်အားတိုက်ထမ်းဆောင်



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၉)မှ အကောင်းဆုံးသင်တန်းသားဆုရရှိသူ သင်တန်းသား ညီညီထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၉

**တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။**

အဆိုပါအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မင်္ဂလာဒုံတပ်နယ်မှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းဆင်းသင်တန်းသားများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းတပ်ခွဲများအား စစ်ဆေးကာ သင်တန်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကိုခံယူသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းအမှတ်စဉ်(၉)မှ အကောင်းဆုံးသင်တန်းသားဆုရရှိသူ သင်တန်းသားအမှတ်(၂၃၉၉) သင်တန်းသား ညီညီထွန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ်(၂၃၇၄) သင်တန်းသား ဇော်မျိုးထက်၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ်(၂၄၉၂) သင်တန်းသား ပြည့်ဖြိုးအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သင်တန်းဆင်းသင်တန်းသားများအား မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းအမှတ်စဉ်(၉)၏ သင်တန်းဆင်းပွဲဖြစ်သဖြင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် အားသစ်လောင်းသည့် ဂုဏ်ယူဖွယ်ရာနေ့တစ်နေ့ဖြစ်ကြောင်း၊ ရဲဘော်တို့ကို တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် တာဝန်ပေးခန့်အပ်တော့မည်ဖြစ်သည့်အတွက် သိသင့်သိထိုက်သည်များကို အလေးအနက်မှာကြားလိုကြောင်း။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ ရည်ရွယ်ချက်မှာ **ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော တပ်မတော်သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များကို လေ့ကျင့်မွေးထုတ်ပေးရန်** ဖြစ်ကြောင်း။

ရည်ရွယ်ချက်အောင်မြင်စေရန် ဤတက္ကသိုလ်၌ ပညာရပ်ဌာနပေါင်း ၂၀ ကျော် ဖွင့်လှစ်ပေးထားပြီး ဝိဇ္ဇာ၊ သိပ္ပံဆိုင်ရာ အခြေခံဘာသာရပ်များ၊ ကွန်ပျူတာသိပ္ပံဘာသာရပ်များအပြင် အထူးပြုဘာသာရပ်များအဖြစ် သူနာပြုသိပ္ပံဘာသာရပ်၊ ဆေးဝါးကျွမ်းကျင်မှုဘာသာရပ်၊ ဆေးဘက်ပညာ(ရောဂါရှာဖွေရေး)၊ ဆေးဘက်ပညာ(ဓာတ်မှန်ရိုက်)၊ ဆေးဘက်ပညာ(ကာယကုသမှု) တို့ကို သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း။

အဆင့်မြင့်ပညာရပ်များကို ဆက်လက်ဆည်းပူးနိုင်ရေးအတွက် မဟာဘွဲ့သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာတွင် မဟာဘွဲ့ရရှိပြီးသူ ၂၁၄ ဦးနှင့် တက်ရောက်ဆဲ ၇၄ ဦး ရှိပြီးဖြစ်ကြောင်း၊ ထူးချွန်သူများကို ပြည်ပနိုင်ငံများသို့ စေလွှတ်ပေးပြီး ဘွဲ့လွန်သင်တန်းများတက်ရောက်စေလျက်ရှိကြောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစပြီး ပါရဂူသင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် အဆင့်မြင့်ပညာများနှင့် နိုင်ငံတော်နှင့် တပ်မတော်ကို အလုပ်အကျွေးပြုနိုင်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်နှင့်တပ်မတော်က မျှော်မှန်းချက်ကြီးစွာဖြင့် ပြုစုပျိုးထောင်ပေးလိုက်သော ရဲဘော်တို့သည် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ကာသစွာရှိပြီး စည်းလုံးညီညွတ်စွာဖြင့် စွမ်းရည်သုံးရပ်အစဉ်ပြည့်စုံနေစေရန် ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ ယင်းအခြေခံအရည်အချင်းများကို အစဉ်အမြဲ ရှင်သန်ထက်မြက်နေအောင်လည်း ကျင့်ကြံနေထိုင်ကြရန်လိုအပ်ကြောင်း၊ ထက်မြက်သည့်သူနာပြုနှင့် ကျွမ်းကျင်သူများဖြစ်စေရေးအတွက် ခေတ်မီသူနာပြု **စာမျက်နှာ ၃ ကော်လံ ၁ သို့**

# ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် အထူးဒေသ(၄) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ ဒုတိယအကြိမ် ပြည်ထောင်စုအဆင့်တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက်များ လက်မှတ်ရေးထိုး

**ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းနှင့် ဒုတိယအဖွဲ့ခေါင်းဆောင် မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်တို့ သဘောတူညီချက်(၆)ချက်ကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)



**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ အဖွဲ့ဝင်များဖြစ်ကြသော သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းနှင့် ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ် မိုင်းလားမြို့သို့ရောက်ရှိကြရာ အထူးဒေသ(၄)ဥက္ကဋ္ဌ ဦးစိုင်းလင်း၊ ဒုတိယဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းမြင့်၊ ဦးဝင်းထွန်းနှင့် အထူးဒေသ(၄) ဥက္ကဋ္ဌ ဦးစိုင်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် အတွင်းရေးမှူး ဦးခမ်းမောင်တို့သည် အထူးဒေသ(၄)ဌာနချုပ်ရုံး ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံပြီး ငြိမ်းချမ်းရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် အထူးဒေသ(၄)ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် နံနက် ၁၁ နာရီခွဲတွင် မိုင်းလားမြို့ အထူးဒေသ(၄) ဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖